ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

တတိယနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၆) ကြိမ်မြောက်ပုံမှန် အစည်းအဝေး တတိယနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ၂၀-၅-၂၀၂၀ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က တင်ပြသွားမှာဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၂၁)ဦး ဖြစ်ပါတယ်။ ယနေ့အတွက် ခွင့်ပန်ကြားသူမရှိပါကြောင်းနှင့် ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦးဖြစ်၍ ယနေ့ခွင့်ပန်ကြားသူမရှိသဖြင့် ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ကော်မတီများတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာများ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီများတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာများ အစားထိုးပြင်ဆင် ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် ကွယ်လွန်သွားပါသဖြင့် ၎င်းကော်မတီတွင် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ အဖွဲ့ဝင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင် အစား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး အစား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ် အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာငွေးကြွယ် ကွယ်လွန်သွားပါသဖြင့် ၎င်းကော်မတီတွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင် အား ဥက္ကဋ္ဌအဖြစ်လည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကော်မတီများတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာများ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကော်မတီများတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် နေရာများ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့် အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်တွင် ကေ(၃)သိန်းအား ဩစတေးလျကုမ္ပဏီ ဖြစ်သော Fortuna Metal Myanmar Co.,Ltd အား ရွှေခာတ်သတ္တု ရှာဖွေတိုင်းတာခွင့် (Feasibility study) လုပ်ပိုင်ခွင့် ချထားပေးခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဂူ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၀။**

**ဦးဂျေယောဂူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံးမင်္ဂလာပါ။ လေးစား အပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးခွန်းမေးမြန်းခွင့်ပြုသောကြောင့် ကျေးဇူး များစွာတင်ရှိပါတယ်ခင်ဗျား။ ဒုတိယကမ္ဘာစစ်အတွင်း ကျော်ကြားခဲ့တဲ့ ကန္တာရကဲ့သို့ ထူထပ်သော

သစ်တောဝ မင်းသားကြီး ဦးအောင်လွင်နှင့် ဒေါ်နွဲ့နွဲ့မူ တို့ရဲ့ နေခြည်ဖြာမှုနွေးသောကြောင့် Second Switzerland ဟု တင်စားခံရတဲ့ မြန်မာနိုင်ငံမှာ တစ်ခုတည်းသော ဆီးနှင်းရေခဲတောင်များ ဖုံးလွှမ်းသော ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်နှင့် ဒေသခံပြည်သူများသည် ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းလောက်မှစ၍ Australia Company များဖြစ်သော Fortuna Metal Co.,Ltd အား (၃၀၄၅၅၆.၄၂) ဧကအား ဓာတ်သတ္တုရှာဖွေတိုင်းတာ စီးပွားဖြစ်၊ မဖြစ် (Feasibility study)ပြုလုပ်ရန် ကန့်ကွက်ရန်မရှိကြောင်း ပြည်နယ်အစိုးရ ထောက်ခံပေးလိုက်သည်ကို ဒေသခံများ များစွာ စိုးရိမ်ပူပန်ကြောင့်ကြလျက်ရှိကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အနည်းငယ် ပြခွင့်ပြုပါခင်ဗျား။ ဘာကြောင့်လည်းဆိုတော့ ဒေသခံပြည်သူများက ဟိုးရှေးပဝေသဏီကတည်းကပင် ဘိုးဘွားဘီဘင်များက ၎င်းဒေသများကို မှီခို၍ နေထိုင်စားသောက်လာကြသည်ကတစ်ကြောင်း၊ အုပ်စု/ကျေးရွာ၊ နယ်နိမိတ်၊ အိုးအိမ်၊ လယ်/ယာ ကိုင်းကျွန်းများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထူထောင်ထားသော သစ်တောများ၊ အဖိုးတန်သစ်များ၊ မိရိုးဖလာ ရွှေပြောင်းတောင်ယာများ၊ ရှေးဟောင်း အမွေအနှစ်၊ သယံဇာတ အမွေအနှစ်များ ၎င်းကုမ္ပဏီ Feasibility Study စမ်းသပ်တိုင်းတာ ကန့်သတ်နယ်နိမိတ်အတွင်း ကျရောက်သွားခြင်းကြောင့် ဖြစ်ပါတယ်။

ဒေသခံပြည်သူများအနေနှင့် လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံ့ဥပဒေ လုပ်ထုံးလုပ်နည်းများ ဘက်စုံသိရှိနားလည်မှု အဖက်ဖက်၌ နောက်ကျကျန်ခဲ့သည်ကတစ်ကြောင်း၊ တိုက်ပွဲများ ရှောင်နေရသည်က တစ်ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ Covid–19 ခုခံကာကွယ်နေရသည်ကတစ်ကြောင်း၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံ မိဘပြည်သူများအား အသိပေးခြင်း၊ အကြောင်းကြားခြင်းမရှိဘဲ ယခုလို ပြည်ပကုမ္ပဏီများကို ဧကသိန်းနှင့်ချီ၍ Feasibility Study ပြုလုပ်ခွင့်ပြုလိုက်ခြင်းသည် ဒီမိုကရေစီ စံချိန်စံနှုန်းနှင့် ညီညွတ်ခြင်းမရှိပါ။ ဒေသခံများလည်း မိမိတို့အစိုးရအား ဆန့်ကျင်မှုများ၊ ဆန္ဒပြမှုများ၊ ကန့်ကွက်မှုများဆက်တိုက်လိုလို ရှိလာမည်ဖြစ်ပါတယ်။ အမှန်မှာ ဘူမိဗေဒဌာနမှာ Extraction ဓာတ်သတ္တုရှာဖွေပြုလုပ်ရသည့် သတ္တုဓာတ်ပမာဏ သိရှိပြီးပါက မြန်မာနိုင်ငံလုပ်ငန်းရှင်များ၊ ဒေသခံများအားဦးစားပေးချထားရမှာဖြစ်ပါတယ်။ ကြွင်းကျန်မှသာလျှင် နိုင်ငံခြားလုပ်ငန်းရှင်များအား ပေးရမည်ဖြစ်ပါတယ်။

ယခုတော့ ၂၀၁၈–၂၀၁၉ ခုနှစ်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် MIC အစီရင်ခံစာမှာကော နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု (၃၄၉)ခုဖြစ်၍ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုသည် (၂၀၀)ခုသာဖြစ်ပါတယ်။ မြန်မာနိုင်ငံလုပ်ငန်းရှင်များ၏ ရွှေ၊ ဓာတ်သတ္တု၊ ကျောက်မျက်လုပ်ငန်းများ သက်တမ်းတိုးခြင်း၊ အသစ်ခွင့်ပြုပေးခြင်း မရှိတော့သောကြောင့် စီးပွားရေးလည်းကျဆင်းကာ ကပ်ဆိုက်ရကိန်း ရောက်လို့နေမှာဖြစ်ပါတယ်။ စမ်းသပ်တိုင်းတာသည်ဟု အကြောင်းပြကာ လုပ်ထုံး


လုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းမရှိဘဲ သစ်များ၊ ရွှေများ၊ သတ္တုများ မှောင်ခိုခိုးထုတ်ခြင်းကြောင့် ကောင်းမွေများကိုတော့ ပြည်ပနိုင်ငံခြားသားများ ခံစားရပြီး ဆိုးမွေများဖြစ်တဲ့ မြေပြိုခြင်း၊ ရေကြီး ရေလျှံဖြစ်ခြင်း၊ အချိန်အခါမဟုတ် ရာသီဥတုဖောက်ပြန်၍ စိုက်ပျိုးသီးနှံများ ပျက်စီးခြင်း၊ ဒေသခံ များ၏ အိုးအိမ်စည်းစိမ် လယ်ယာမြေများ ဆုံးရှုံးရခြင်းကြောင့် အလုပ်လက်မဲ့ ပြဿနာများဖြစ်ကာ စားဝတ်နေရေး အခက်အခဲများအား ဒေသခံပြည်သူများ အကြိမ်ကြိမ်ခါးစည်း၍ ခံနေကြရတာပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄ မှာတင်--------

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး။ ကိုယ်စားလှယ်ကြီး မေးခွန်းကို မေးရမှာ။ ဟို ပြောပြ မယ်။ ခင်ဗျား ဘာကို မေးချင်တာလဲ။ မေးခွန်းကို လိုရင်းကိုမေး---------

**ဦးဂျေယောဂူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရပါတယ်။ အဓိကကတော့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို နိုင်ငံသားများမှ ဆင်းသက်တယ်လို့ ပြောပါတယ်။ ဒီစည်းကမ်း ပြည့်ဝတဲ့ ဒီမိုကရေစီလည်းဖြစ်တယ်။ နိုင်ငံသားများ အခွင့်အရေး၊ ဖက်ဒရယ်ဒီမိုကရေစီ အခွင့်အရေး၊ အချုပ်အခြာအာဏာဖြစ်တဲ့ မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူများရဲ့အခွင့်အရေးကို ဆန့်ကျင်ပြီးမှ ဒါ ကျွန်တော်တို့ ဒါ ခွင့်ပြုပေးလိုက်ခြင်းဖြစ်တယ်။

ဒါကြောင့်မို့လို့ ဒါဆန္ဒခံယူခြင်းမရှိဘဲ မိမိ ဒေသကို စမ်းသပ်ခွင့်များနှင့် လုပ်ပိုင်ခွင့်များကို မပြုဘဲနဲ့ ဒီတစ်ခုတည်းပဲ မဟုတ်ပါဘူး။ တစ်ခြားကိစ္စသည်လည်း ရှိလာတာမှ မဟုတ်လို့ ဒီဒေသခံ များရဲ့ စိုက်ပျိုးမြေများ၊ ယာများ၊ တချို့ရွာဆိုရင် ဒါ အုပ်စုကျေးရွာတစ်ခုလုံးမှာ-------

Fortuna Metal ကုမ္ပဏီ၏ FS ပြုလုပ်ရန် ဧက-၃၀၄၅၅၀.၄၂ ရရှိထားသည့် မြေပုံ ပြပုံ (ဈ)



ခေါင်လန်ဖူးမြို့နှင့် FS ပြုလုပ်နေသည့် မြင်ကွင်းပုံ (ပုံ-၁)




ယခင်က သစ်၊ သတ္တု ခိုးထုတ်မှုတို့ကြောင့် ရာသီဥတု ဖောက်ပြန်ပြီး မြေပြိုသည့် မြင်ကွင်းပုံ (ပုံ-၂)



**အချိန်၊ ၁၀:၁၅။**

**ဥက္ကဋ္ဌ။** ။ ကဲအချိန်စေ့သွားပြီ။ ခင်ဗျားမေးချင်တာက တစ်ခုမှ ဘာမှမရောက်တော့ဘူး။ ဖြစ်သွားတယ်။ အကုန်လျှောက်ပြောနေတော့။ ခင်ဗျား။ ဒီမှာ ခင်ဗျားမေးချင်တာက ဓာတ်သတ္တု ရှာဖွေထားရတာ ဘယ်အခြေအနေရောက်ပီလည်းဆိုတာကို သိချင်တာမေးတာကို မရောက်တော့ ဘူးဖြစ်နေတယ်။ လိုရင်းမေးပါ။ ကျွန်တော် အစကတည်းက ပြောပြောထားတာ။ ကိုယ့်မေးခွန်းကို ကိုယ်လိုရင်းမေးပါလို့ ----------------

**“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်အတွင်း မြို့ပေါ်နယ်နိမိတ်နှင့် ကျေးရွာပေါင်းများစွာ ပါဝင်သတ်မှတ်ထားသည့် ဖာခါးသစ်တောကြိုးဝိုင်းအား ကွင်းဆင်းစိစစ်၍ ကြိုးဝိုင်းအဖြစ်မှ ပလပ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၆။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်သော ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၊ ရပ်ကွက်(၄)ခု နယ်မြေနှင့် ကျေးရွာအုပ်စုအတွင်း ရွာပေါင်း(၅၀)ကျော် ကျရောက်သော ဖာခါးသစ်တောကြိုးဝိုင်းအား ပြန်လည်ပယ်ဖျက်ပေးလိုခြင်းနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဟိုပန်မြို့နယ်တွင် ဖာခါးသစ်တောကြိုးဝိုင်းကို ၁၉၉၂ ခုနှစ်တွင် မြို့ပေါ်ရပ်ကွက် နယ်နိမိတ်၊ ကျေးရွာအုပ်စုအပါ သတ်မှတ်ခဲ့ပါတယ်။ ဤသို့ နယ်နိမိတ်သတ်မှတ်ချိန်တွင် မြို့မိမြို့ဖများလည်း ပါဝင်ခဲ့ခြင်း မရှိပါ။ ဤဖာခါးကြိုးဝိုင်းအတွင်း လက်ရှိနေထိုင်လုပ်ကိုင်စားသောက်နေကြတဲ့ ကျေးရွာပေါင်း (၅၀)လည်း ပါဝင်သည်ကို အံ့သြဖွယ်တွေ့ရှိရပါတယ်။ ကျေးရွာလူထုများ၌ တချို့က ဂရန်ရှိပြီး ပုံစံ(၇)ရရှိထားသကဲ့သို့ ပုံစံ(၁၀၅)ကိုင်ဆောင်ထားသော ပုဂ္ဂိုလ်များလည်း ရှိပါတယ်။ ပြည်သူလူထုမှ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့် ရော်ဘာခြံပေါင်းများစွာ ပါဝင်နေပါတယ်။ ဒါကြောင့် သစ်တောဝန်ထမ်းများနှင့် ရွာသားများ မကြာခဏ ပြဿနာတက်လေ့ရှိပါတယ်။ ဒီပြဿနာကို ပြေလည်အောင် မဖြေရှင်းပေးနိုင်ပါက အစဉ်အဆက် အငြင်းပွားဖွယ် ဖြစ်နေအုံးမှာဖြစ်ပါတယ်။

ယခင်သစ်တောဌာနက မြေပုံပေါ် ဝိုင်းပြီးတော့ ကျူးကျော်ထားသလား။ ရှေးနှစ်ပေါင်းများစွာက ရွာသားများက ကြိုးဝိုင်းအတွင်း ကျူးကျော်ဝင်ရောက် နေထိုင်လုပ်ကိုင် စားသောက်နေသလားဆိုတာကို ပွင့်လင်းမြင်သာသော အစိုးရခေတ်မှာ ပြေလည်အောင် ဖြေရှင်းပေးစေလိုပါတယ်။ ရွာသူ၊ ရွာသားများ၏ ဂရန်ပေါက် မြေယာများ၊ လယ်ယာများ၊ ခြံများ၊ စာသင်ကျောင်းများ၊ ဆေးခန်းများ၊ သာသနိကအဆောက်အအုံများ၊ စေတီပုထိုးများ၊ သုသာန်များစွာ သစ်တောကြိုးဝိုင်းအတွင်း ကျရောက်နေတဲ့အတွက် သက်ဆိုင်ရာဌာနနှင့် မြို့မိမြို့ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး

ကွင်းဆင်းစိစစ်၍ ပြန်လည် ဖြေလျှော့ပေးနိုင်ရန် ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်အတွင်း မြို့ပေါ်နယ်နိမိတ်နှင့် ကျေးရွာပေါင်းများစွာ ပါဝင်သတ်မှတ်ထားသည့် ဖာခါးသစ်တောကြိုးဝိုင်းအား ခေတ်ကာလနှင့်အညီ လျော်ညီစွာ ပြည်သူလူထုမှ ဝန်ထုတ်ဝန်ပိုးမဖြစ်စေရန် ကွင်းဆင်းစိစစ်၍ ကြိုးဝိုင်းအဖြစ်မှ ပလပ်ပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။ ဖြေကြားရာမှာ ကျွန်တော်တို့ ပထမ ဦးဂျေယောဝူ မေးသွားတဲ့ မေးခွန်းထဲမှာ ခင်ဗျားတို့ဆီပို့လိုက်တဲ့ မေးခွန်းအတိုင်းကိုပဲ ဖြေပါ။ အခု လွှတ်တော်ရှေ့မှာ ပြောသွားတာက အဖြေနှင့် မေးခွန်းနှင့် တစ်ခုမှ မပါခဲ့ဘူး။ ခင်ဗျားတို့ဆီရောက်တဲ့ မေးခွန်းအတိုင်းပဲ ဖြေပေးပါ။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၁၉။**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးပဲ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေကြောင်း ဆုတောင်းမေတ္တာပို့ပြီး ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူရဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ဒီကြယ်ပွင့်ပြ မေးခွန်းကို ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ပြီး ကျွန်တော် ဒေါက်တာရဲမြင့်ဆွေ ဒုတိယဝန်ကြီးကနေ ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ Fortuna Metal Co.,Ltd က မြန်မာနှင့် သြစတေးလျ နိုင်ငံသားတို့ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု ငွေကြေးခိုင်မာတဲ့ ကုမ္ပဏီဖြစ်ပြီးတော့မှ ကချင်ပြည်နယ် ခေါင်လန်ဖူးဒေသမှာ လုပ်ကွက်(၁)နှင့် လုပ်ကွက်(၂)တို့ကို အဆိုပါ ကုမ္ပဏီမှ ၁-၈-၂၀၁၈ ရက်နေ့မှာ မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စတင်လျှောက်ထားခဲ့ပြီး ဝန်ကြီးဌာန လုပ်ကွက်စိစစ်ရေးအဖွဲ့က လက်ခံစိစစ်ခဲ့ရာ ဧရိယာလွတ်ကင်းမှုရှိပြီး အချက်အလက် ပြည့်စုံတဲ့အတွက် ကျွန်တော်တို့ လုပ်ကွက်(၁)ဧရိယာ (၁၅၂၀၇၀) ဧကနှင့် လုပ်ကွက်(၂) ဧရိယာ (၁၅၂၄၇၇)ဧက တို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ ၁-၁-၂၀၁၉ ရက်နေ့မှာ သဘောထားမှတ်ချက်တောင်းခဲ့ပါတယ်။

ကချင်ပြည်နယ်အစိုးရအဖွဲ့မှလည်း သက်ဆိုင်ရာ ဆက်စပ်ဌာနဆိုင်ရာများ၊ ကျေးရွာများနှင့် ဒေသခံများရဲ့ သဘောထားများရယူပြီး ၂၈-၁၁-၂၀၁၉ ရက်နေ့မှာ ကျင်းပတဲ့ ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ စမ်းသပ်တိုင်းတာရန်အတွက် ကန့်ကွက်ရန် မရှိပါကြောင်း သဘောထားပြန်ကြားခဲ့ပါတယ်။ အဆိုပါဧရိယာကို သစ်တောဦးစီးဌာနမှ ဘူဒဲကြိုးပြင်ကာကွယ်တောဧရိယာအတွင်း ကျရောက်နေတဲ့ လုပ်ကွက်(၁)ရဲ့ (၂၆၂၀၉)ဧကနှင့် လုပ်ကွက်(၂)ရဲ့ (၁၄၅၂)ဧကတို့ကို ခွင့်မပြုကြောင်းပြန်ကြားထား၍ လုပ်ကွက်(၁)မှာ ကျန်ရှိတဲ့ (၁၂၅၈၆၁)ဧကနှင့် လုပ်ကွက်(၂)မှ ကျန်ရှိတဲ့ (၁၅၁၀၂၅)ဧကတို့ကို ရှာဖွေစမ်းသပ်တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်(EMP) ရေးဆွဲဆောင်ရွက်စေလျက်ရှိပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ အတည်ပြုချက်ရယူ ဆောင်ရွက်သွားဖို့ ဆောင်ရွက်နေဆဲဖြစ်ပါတယ်။

မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ်ဖက်သဘောတူစာချုပ်အား ပြင်ဆင်ပြီးလို့ရှိရင် ကျွန်တော်တို့က စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စတဲ့ သက်ဆိုင်ရာဌာနများသို့ သဘောထားတောင်းခံပြီး လုပ်ငန်းစဉ်အလိုက် အချက်အလက်ပြည့်စုံပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီရဲ့ သဘောတူညီချက်ဖြင့် စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့များထံ သဘောတူခွင့်ပြုချက် ရယူပြီးမှသာ နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုရမှာဖြစ်ပါတယ်။ ဓာတ်သတ္တု ရှာဖွေရေး၊ စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းသဘာဝအရ ဘူမိဗေဒ မြေပုံရေးဆွဲခြင်း၊ မြေသားနမူနာ၊ ကျောက်နမူနာ၊ ချောင်းသဲနမူနာများ ရယူဓာတ်ခွဲခြင်း၊ ဘူမိရူပဗေဒတိုင်းတာခြင်း၊ လိုအပ်ပါက အစမ်းကျင်း၊ အစမ်းမြောင်းရှည်နှင့် စိန်လွန်တွင်းတူးဖော်ခြင်း စတဲ့လုပ်ငန်းများ ဆောင်ရွက်ခြင်းသာဖြစ်ပြီး ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းမဟုတ်တဲ့အတွက် မြေယာပိုင်ဆိုင်မှုနှင့် သက်ဆိုင်မှုမရှိတဲ့အပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးပြီး အဆိုပါကာလမှာ ဒေသခံပြည်သူများ ထိခိုက်မှုနှင့် ရောဝတီမြစ်ရဲ့ ရေဝေရေလဲဂေဟစနစ်တို့ကို ထိခိုက်မှုမရှိနိုင်ပါဘူး။ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာနိုင်ခြင်းနှင့် မြေအောက်သယံဇာတအရင်းအမြစ်နှင့် သက်ဆိုင်သည့် အချက်အလက်များ ရရှိနိုင်ခြင်း စတဲ့ အကျိုးကျေးဇူးများကို ရရှိနိုင်မှာဖြစ်ပါတယ်။ ကုမ္ပဏီမှ လျှောက်ထားသည့် လုပ်ကွက် (၂)ကွက် ဧရိယာမှာ ဧက(၃)သိန်းဝန်းကျင်ခန့်ရှိသော်လည်း လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ အဆင့်အလိုက် နှစ်စဉ် ဓာတ်သတ္တုဖြစ်ထွန်းရန် အလားအလာနည်းပါးသည့် ဧရိယာများကို လျှော့ချဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နောက်ဆုံး သတ္တုသိုက်တွေ့ရှိတဲ့ ဧရိယာ အနည်းငယ်မျှကိုသာ ဥပမာအားဖြင့် ဧက(၂၀၀) သို့မဟုတ် ဧက(၄၀၀) အစရှိ

သဖြင့် သတ္တုသိုက်အရွယ်အစားကို လိုက်ပြီးတော့မှ ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်တဲ့အဆင့်သို့ ကူးပြောင်းသွားရမှာဖြစ်ပါတယ်။

ကုမ္ပဏီဟာ စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေး လုပ်ငန်းအဆင့်တွင် သတ္တုသိုက်ရဲ့ ပမာဏ၊ အရည်အသွေး၊ ပုံသဏ္ဌာန်တို့ကို ဖော်ထုတ်ရမှာဖြစ်ပြီး ထုတ်လုပ်ရေး ဆောင်ရွက်တဲ့အခါမှာလည်း Mine Design များနှင့်အညီ လုပ်ငန်းပြီးဆုံး၍ မိုင်းပိတ်သိမ်းသည့်အခါ ဆောင်ရွက်မည့် အစီအစဉ်များပါဝင်တဲ့ (Environmental Impact Assessment – EIA) ဒေသခံများအတွက် လူမှုရေးဆိုင်ရာ တာဝန်ယူမှု (Corporate Social Responsibility – CSR) အစီအမံတွေကို ရေးဆွဲတင်ပြရမှာ ဖြစ်ပါတယ်။ သို့ပါ၍ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်အတွင်း လုပ်ကွက်(၁)နှင့် လုပ်ကွက်(၂)တို့မှာ ရွှေ၊ ကြေးနီနှင့် ဆက်စပ်သတ္တုရှာဖွေရေး စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်း ဆောင်ရွက်ရန် ကုမ္ပဏီက မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားခြင်းအပေါ်မှာ စိစစ်ခဲ့ရာ အချက်အလက်ပြည့်စုံသဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ သဘောထား တောင်းခံရရှိထားပြီးဖြစ်ခြင်း၊ EMP ရေးဆွဲလျက်ရှိခြင်းနှင့် လုပ်ငန်းသဘောတူစာချုပ်အတွက် ပြင်ဆင်ဆောင်ရွက်ဆဲအဆင့်သာဖြစ်ပြီး ဌာနနှင့် ကုမ္ပဏီတို့ လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် လက်ရှိအနေဖြင့် အဆိုပါ ကုမ္ပဏီကို လုပ်ပိုင်ခွင့်ချထားပေးခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် ရဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ပြီး ကျွန်တော် ဆက်လက် ဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ဖာခါးသစ်တောကြိုးဝိုင်းကို ပြည်ထောင်စုဝန်ကြီးရုံး ယခင် သစ်တောရေးရာဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၀၂)နဲ့ ဧရိယာ(၁၈၁၁၆)ကေဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ကြိုးဝိုင်းတော ဖွဲ့စည်းစဉ်ကတည်းက ဒေသခံများ တောင်းဆိုထားတဲ့အတိုင်း ကျေးရွာအုပ်စု (၅)အုပ်စု၊ ကျေးရွာပေါင်း (၄၇)ရွာရဲ့ ရွာမြေ (၂၇၀.၅)ကေ၊ ယာမြေ (၂၀၉၃.၀၀)ကေ၊ စုစုပေါင်း (၂၃၆၃.၅)ကေကို ဆိုင်ရာဆိုင်ခွင့်များအဖြစ် Power Point မှာ တင်ပြ ထားတဲ့အတိုင်း သတ်မှတ်ပေးထားပြီးဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် ကြိုးဝိုင်းကျူးကျော် စာရင်းများအရ ဖာခါးကြိုးဝိုင်းအတွင်းမှာ အိမ်ခြေ(၅၀)နှင့်အထက် မော်ပွေ့ကျေးရွာ၏ ရွာမြေ၊ လယ်မြေ၊ သာသနာမြေနှင့် အများပိုင်မြေ၊ စုစုပေါင်း (၃၇.၂၁)ကေအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၂၈၆/၂၀၁၅)ဖြင့် သစ်တောနယ်မြေအဖြစ်မှ ထပ်မံပယ်ဖျက်ပေးခဲ့ပါတယ်။

ကျန်ရှိတဲ့ ပြည်ထဲရေးအမည်ပေါက် ကျေးရွာ(၁၃)ရွာနှင့် ပြည်ထဲရေးအမည်မပေါက်ဘဲ အခိုင်အမာ တည်ထားတဲ့ ကျေးရွာ (၂၂)ရွာ၊ စုစုပေါင်း (၃၅)ရွာရဲ့ မြေဧရိယာ (၂၅၁.၀၈)ဧကအတွက်လည်း လက်ရှိအခြေအနေမှာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၀)ဆုံးဖြတ်ချက်အရ သစ်တောမြေမှ ပယ်ဖျက်ခြင်း အမိန့်ကြော်ငြာစာနှင့် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပြီးနောက် ကြိုးဝိုင်းတော ပြန်လည်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာတို့ကို မူကြမ်းများဖြင့် ပြုစုဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ဖာခါးကြိုးဝိုင်း အတွင်း ဟိုပန်မြို့နယ်မှာ လက်ရှိအသုံးပြုနေတဲ့ သုသာန်မြေနေရာသည် ကျဉ်းမြောင်းပြီး၊ ပန်လုံလမ်း ရပ်ကွက်နှင့် မိန်းပန်း“ဝ” ရပ်ကွက်အလယ်တွင် ရောက်ရှိနေပြီး မီးသင်္ဂြိုလ်တဲ့အခါမှာ ညှော်နံ့များနှင့် မီးခိုးငွေ့များကြောင့် လူမျိုး၊ ဘာသာအလိုက် သီးခြားဧရိယာ ခွဲဝေသတ်မှတ်ပြီး မီးသင်္ဂြိုလ်စက်နှင့် ဇရပ်များကို တွဲဖက်တည်ဆောက်မယ့် သုသာန်အသစ်အတွက်လည်း မြေဧရိယာ (၃၂)ဧကအား ဖာခါးသစ်တော ကြိုးဝိုင်းမြေမှ ပယ်ဖျက်ပေးပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၈-၁၀-၂၀၁၉ ရက်စွဲပါ စာဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှလည်း ၂၉-၁၀-၂၀၁၉ ရက်စွဲပါစာဖြင့် သုသာန်မြေများအား မြေယာစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဆောင်ရွက်နိုင်ရန် ညွှန်ကြားချက်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ဆဲဖြစ်တဲ့အတွက် ညွှန်ကြားချက် ထုတ်ပြန်ပြီးမှ တင်ပြပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပြန်လည်အကြောင်းကြားထားပြီး ကျွန်တော်တို့ ဝန်ကြီးဌာနအနေဖြင့်လည်း အဆိုပါမြေနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့မှ ညွှန်ကြားလာပါက အလျင်အမြန် ဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုတင်စိစစ်ပြင်ဆင်လျက်ရှိပါတယ်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၀)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင် မှ ဖာခါးကြိုးဝိုင်းတောနှင့် စပ်လျဉ်းပြီး ထိန်းသိမ်းစောင့်ရှောက်မှုများနှင့် ပြည်သူလူထုရဲ့ နစ်နာမှုများကို ဖြေရှင်းပေးနိုင်မယ့် အစီအစဉ်များနှင့် ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းတင်သွင်းခဲ့ရာ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ ကတိကဝတ်အဖြစ် သတ်မှတ်ခဲ့တဲ့အတွက် နောက်ဆုံးဆောင်ရွက်ထားရှိမှု အခြေအနေများကို Power Point တွင် တင်ပြပါအတိုင်း ကော်မတီသို့ လစဉ်ပြုစုတင်ပြလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ မေးခွန်းတွေနှင့်စပ်လျဉ်းပြီး ဖာခါးသစ်တောကြိုးဝိုင်းအတွင်းရှိ ကျေးရွာ (၃၅)ရွာရဲ့ မြေဧရိယာ (၂၅၁.၀၈) ဧကအား ကြိုးဝိုင်းအဖြစ်မှ ပယ်ဖျက်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေး လက်ရှိစီစဉ် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယခင် ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသို့ လစဉ်ပြုစုတင်ပြရာတွင်လည်း ထည့်သွင်းတင်ပြထားရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၃၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ တောင်ညိုမြို့သစ်ရှိ ကွင်းကျယ်တိုက်နယ်ဆေးရုံကို လွန်ခဲ့သော ၂၀၀၅ ခုနှစ်က တည်ဆောက်ခဲ့ပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးလျက်ရှိသော်လည်း ယနေ့ထိ တောင်ညိုမြို့သစ်တွင် လျှပ်စစ်မီးမရရှိသေးသဖြင့် အရေးပေါ်ခွဲစိတ်ကုသမှုများ ဆောင်ရွက်ရာတွင် အခက်အခဲများစွာ ကြုံတွေ့နေရ၍ လျှပ်စစ်မီးကို မည်သည့်အချိန်၌ ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၁။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လျက်ရှိသူ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးအောင်သိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ ကွင်းကျယ်တိုက်နယ်ဆေးရုံတည်ရှိရာ တောင်ညိုမြို့သစ်မှာ အစိုးရလျှပ်စစ်မီး မရရှိတဲ့အတွက် ဆေးကုသမှုလုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများစွာ ကြုံတွေ့နေရ၍ ဆေးရုံတည်ထောင်တဲ့ ၂၀၀၅ ခုနှစ်က စမယ်ဆိုရင် (၁၅)နှစ်တိုင်တိုင် လျှပ်စစ်မီးမရတာ ယနေ့ထိပါပဲ။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ အခုမြင်တွေ့ရတာကတော့ ကျွန်တော်တို့ အင်ဂျင်စက်တွေနဲ့ သုံးနေရတဲ့ ပုံတွေပါပဲ။ လျှပ်စစ်မီးမရတဲ့အတွက် ဆေးရုံဟာ စက်သုံးဒီဇယ်ဆီနှင့် မီးစက်နှိုး အသုံးပြုနေရတဲ့အတွက် ပုံမှန်အားဖြင့် ညနေ(၆)နာရီကနေ ည(၁၀)နာရီအထိ မီးထွန်းရပြီး နေ့ဘက်မှာဆိုရင် ခွဲစိတ်လူနာနဲ့ မွေးလူနာတို့အတွက် မီးစက်ကို နှိုးရပါတယ်။ မီးစက်က 27 KV လေးလုံးထိုးဖြစ်တဲ့အတွက် တစ်ရက်ကို ဆီ(၄)ဂါလန် ကုန်ပါတယ်။ နောက် မီးစက်တစ်ခုကတော့

22 KV ရေစက်နှင့် မီးဒိုင်နမိုတွဲထားတဲ့အတွက် တစ်ညကို (၁)ဂါလန်ခွဲ ကုန်ပါတယ်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ ဒီဇယ်ပီပါဖိုးငွေ ကျပ်(၂၂၀၀၀၀)ဈေးနှုန်းနဲ့ဆိုရင် တစ်လကို ဆီ(၂)ပီပါအတွက် ငွေကျပ်(၄၄၀၀၀၀) ကုန်ကျပါတယ်လို့ ဆိုပါတယ်။ ဒီကုန်ကျငွေများကို ယခင်ဆရာဝန်များလက်ထက် ကစပြီး ဆီဖိုးကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်မပေးတဲ့အတွက် ယခင်က အုပ်ချုပ်ရေးမှူး ကြီးကြပ်အစည်းအဝေး ဆုံးဖြတ်ချက်အရဆိုပြီး လူနာတစ်ယောက် ဆေးရုံတက်ပြီး ဆေးရုံ ဆင်းသွားတဲ့အခါမှာ ငွေ(၃၀၀၀)ကျပ် အလှူငွေထည့်ပြီး ကောက်ခံရမယ်ဆိုတဲ့ စည်းကမ်းပြုလုပ် ထားခဲ့တယ်လို့လည်း သိရှိရပါတယ်။ ကွင်းကျယ်တိုက်နယ် ဆေးရုံရဲ့ လူနာစာရင်းဖြစ်ပါတယ်ခင်ဗျား။ Power Point မှာပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကွင်းကျယ်တိုက်နယ် ဆေးရုံဟာ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ အတွင်းမှာ လူနာ(၈၂)ယောက်၊ ပြင်ပလူနာ(၆၀၉)ယောက်ရှိတယ်လို့ သိရပါတယ်။ ဆေးရုံမှာ အသေးစားခွဲစိတ်လူနာ၊ မွေးကင်းစကလေးများ၊ အသားဝါ၍ မီးအလင်းပေးကုသရခြင်း၊ ပန်းနာ ရင်ကြပ်လူနာများအတွက် Nebulizer စက်ဖြင့် ရေနွေးငွေ့သုံးရှူဆေးပေးရခြင်း၊ သွေးလွန်တုပ်ကွေး ကလေးများအတွက် သွေးအား PCV စစ်ရန် Centrifuge စက်လည်ရခြင်းတို့ဟာ မီးစက်ကို အသုံးပြု နေရတဲ့ အတွက် မီးအားမတည်ငြိမ်မှုဖြစ်ပေါ်နေတာကြောင့် ပုံမှန်လျှပ်စစ်မီးကို အသုံးပြုရန် အဓိက လိုအပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ နတ်တလင်းမြို့နယ်၊ တောင်ညိုရေလှောင်တမံစီမံကိန်းအရ ရေဝပ်ဧရိယာအတွင်းကျရောက်တဲ့ ကျေးရွာ(၂၇)ရွာ၊ ရပ်ကွက်ကြီး(၅၃)ခုကို ရွာပုံစံချပြီး အိမ်ထောင်စုပေါင်း(၅၇၁၆)ကို နတ်တလင်း မြို့နယ်ရဲ့ အရှေ့ဘက် (၁၃)မိုင်အကွာကနေ ဘိုးဘွားပိုင်လယ်ယာမြေတွေကိုစွန့်ပြီး တောင်ညို မြို့သစ်စီမံကိန်း အကောင်အထည်ဖော်ပေးရေးအဖွဲ့က နေရာချထားပေးခဲ့ပါတယ်။ လျှပ်စစ်မီးက အစ မြို့သစ်ဖွံ့ဖြိုးရေးအတွက် ကတိကဝတ်တွေလည်း များစွာပေးခဲ့ပေမယ့် ယနေ့ထိ လျှပ်စစ်မီး မရရှိသေးပါဘူး။ ၂၀၁၉ ခုနှစ်က နတ်တလင်းမြို့နယ် ဓမ္မငယ်ကျေးရွာအထိ လျှပ်စစ်မီးရပြီး အဲဒီကနေ တောင်ညိုမြို့သစ်အထိဆိုရင် (၃)မိုင်ကွာဝေးတာမို့ မည်သည့်အချိန်မှာ လျှပ်စစ်မီး သွယ်တန်းပေးနိုင်မယ်ဆိုတာကို တောင်ညိုမြို့သစ်ပြည်သူတွေက သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

၂၀၁၉ ခုနှစ်၊ မေလ မှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအထိ တစ်နှစ်တာအတွက် လူနာစာရင်း ပြပုံ (ည)


၂၀၁၉ ခုနှစ်၊ မေလ မှ ၂၀၂၀ ခုနှစ် ဧပြီလအထိ တစ်နှစ်တာအတွက် လူနာစာရင်း ကွင်းကျယ်တိုက်နယ်ဆေးရုံ

| လ | ပြင်ပလူနာ | အတွင်းလူနာ | အကြီးစားခွဲစိတ်မှု | မွေးဖွားလူနာ |
|---|---|---|---|---|
| မေ | ၁၈၀ | ၄၉ | - | ၄ |
| ဇွန် | ၃၀၆ | ၄၉ | ၄ | ၈ |
| ဇူလိုင် | ၃၂၄ | ၅၈ | ၂ | ၆ |
| ဩဂုတ် | ၆၉၇ | ၅၂ | ၁ | ၆ |
| စက်တင်ဘာ | ၅၁၈ | ၁၂၆ | ၅ | ၁၃ |
| အောက်တိုဘာ | ၃၁၈ | ၁၂၁ | ၉ | ၁၀ |
| နိုဝင်ဘာ | ၂၄၉ | ၁၃၅ | ၇ | ၁၀ |
| ဒီဇင်ဘာ | ၁၉၉ | ၁၁၇ | ၇ | ၉ |
| ဇန်နဝါရီ | ၁၆၆ | ၉၉ | ၁၃ | ၁၄ |
| ဖေဖော်ဝါရီ | ၃၆၆ | ၁၁၈ | ၅ | ၆ |
| မတ် | ၂၈၁ | ၁၃၉ | ၄ | ၆ |
| ဧပြီ | ၆၀၉ | ၈၂ | ၉ | ၉ |
| စုစုပေါင်း | ၄၂၁၃ | ၁၁၄၅ | ၆၆ | ၁၀၁ |

မီးစက် ပြပုံ (ည-၁)



မီးစက် ပြပုံ (ည-၂)



**ဥက္ကဋ္ဌ**။　　။ မိုက်ပေးလိုက်ပါ။ ကျွန်တော် မကြားရလို့။ ပြန်ပြောပါ။ ကျွန်တော် မကြားရလို့။

**ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း(တပ်မတော်သားကိုယ်စားလှယ်)**။　　။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ဒီ ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့ စကားရပ်ထဲမှာ မေးခွန်းနဲ့ တိုက်ရိုက် မသက်ဆိုင်တဲ့ စကားရပ်ဖြစ်တယ်။ နောက်အခါ တရားဝင်သုံးစွဲခြင်းမရှိတဲ့ စကားရပ်ဖြစ်တဲ့ စစ်အစိုးရဆိုတဲ့ စကားရပ်လေးကို ပယ်ဖျက်ပေးဖို့ တင်ပြအပ်ပါတယ်။ ထပ်မံတင်ပြစရာ မရှိပါဘူး။

**ဥက္ကဋ္ဌ**။　　။ ပယ်ဖျက်ပေးပါမယ်။ ကိုယ်စားလှယ်ကြီးတွေကို ပြောချင်တာက ခင်ဗျားတို့ မေးခွန်းမေးတဲ့အခါ ကျွန်တော့်ဆီ တင်တဲ့အခါ အကျိုးအကြောင်းဖော်ပြချက်တွေ အမြဲတမ်းပါတယ်။ ဒါပေမဲ့ ဒီ လွှတ်တော်ရှေ့မှာ မေးတဲ့အခါကျတော့ ခင်ဗျားတို့ တင်ပြတဲ့အကြောင်းပြချက်တွေနဲ့ ကွဲကွဲလွဲလွဲတွေ ပါလာတာတွေရှိတယ်။ နောက်ဆိုရင် တကယ်လို့ ပြည့်ပြည့်စုံစုံမေးချင်တယ်ဆိုရင် ဥက္ကဋ္ဌဆီ တင်တဲ့အခါမှာ ကိုယ့်အကျိုးအကြောင်းဖော်ပြချက်ကို ပြည့်ပြည့်စုံစုံ ဖော်ပြပြီးမှ တင်ပါ။ နောက်ပြီးတော့ ဒီလွှတ်တော်မှာ မေးမြန်းတဲ့အခါမှာလည်း အခုဖော်ပြထားတဲ့ဟာနဲ့ ကွဲလွဲပြီးတော့ မပြောဆိုဖို့ ကျွန်တော် အားလုံးကို သတိပေးပါတယ်။ ဘာလို့လဲဆိုတော့ ဒီမှာကြည့်လိုက်ရင် ဘယ်လောက်မှမရှိဘူး။ ဟိုမှာကျတော့ ကျွန်တော်တို့က ဒါ ရှင်းရှင်းပြောရရင် ဒီဟာကို ကြည့်ပြီး မေးခွန်းတွေ လက်ခံတာ။ ဖျက်သင့်တဲ့ဟာဖျက်တယ်။ မသုံးသင့်တဲ့စကားကို မသုံးဖို့ ကျွန်တော်တို့ စိစစ်တာ။ ဒါပေမဲ့ ဒီမှာကြည့်လိုက်တဲ့အခါကျတော့ နည်းနည်းလေးတွေ။ လွှတ်တော်ရှေ့ကျလည်း ကျရော မေးလိုက်တဲ့အခါကျတော့ ဒီဟာနဲ့မဆိုင်တာတွေ အများကြီးပါလာတဲ့အခါကျတော့ လုပ်ရကိုင်ရတာကြပ်တယ်။ နောက်တစ်ခါမေးခွန်းမေးမယ်ဆို ကိုယ့်ကျိုးကြောင်း ဖော်ပြချက်ကို ပြည့်ပြည့် စုံစုံဖော်ပြပြီးတော့ လွှတ်တော်မှာလည်း အဲဒီအတိုင်းပဲ ပြောကြားဖို့ သတိပေးပါတယ်။

**ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ဒိုက်ပျက်ကျေးရွာသည် လျှပ်စစ်ဓာတ်အားလိုင်း (11 KVA)နှင့် (၄)မိုင်ခွဲခန့်သာ ကွာဝေးသဖြင့် လျှပ်စစ်ဓာတ်အား အမြန်ဆုံး ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၃၆။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၃၆။**

**ဦးဆန်းမြင့်၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။　　။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဦးဆန်းမြင့် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ဒိုက်ပျက်ကျေးရွာဟာ အိမ်ခြေပေါင်း(၇၈၆)အိမ်၊ လူဦးရေပေါင်း(၂၉၆၅)ဦး နေထိုင်ကြပါတယ်။ တိုက်နယ်အဆင့်ရှိ ကျေးရွာကြီးဖြစ်ပါတယ်။ ကျေးရွာအုပ်စုပေါင်း (၁၂)အုပ်စုဖြင့် ဖွဲ့စည်းထားပါတယ်။ ဒိုက်ပျက်ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း၊ တိုက်နယ်အဆင့်ဆေးရုံ၊ ကျန်းမာရေးဌာန၊ ရဲတပ်ဖွဲ့စခန်း၊ မီးရထားဘူတာရုံတို့လည်း ရှိပါတယ်။ ဒိုက်ပျက်ကျေးရွာဟာ ပုသိမ်-ကြံခင်း မီးရထားလမ်းနှင့် ကပ်လျက်ရှိပြီး ရန်ကုန်မြို့ကို နေ့စဉ် ခရီးသွားမော်တော်ယာဉ် အဝေးပြေးလိုင်းလည်း ပြေးဆွဲလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံး မီးလင်းရေး MEV စီမံကိန်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ ဒိုက်ပျက်ကျေးရွာနဲ့ အနေအထားတူအဆင့်တူ (11 KVA)လိုင်းရှိတဲ့ ဇရပ်လှကျေးရွာနဲ့လည်းပဲ (၄)မိုင်ခွဲခန့်သာ ကွာဝေးပါတယ်။ ဒီအတွက် ဒိုက်ပျက်ကျေးရွာ မီးလင်းရေးမှာ အထူးဦးစားပေးအစီအစဉ်ဖြစ်နိုင်ပါတယ်။ လျှပ်စစ်မီးရရှိရေးကို အားကိုးတကြီး မျှော်လင့်စောင့်စားနေတဲ့ ဒေသခံပြည်သူများက စီမံချက်ရေးဆွဲပြီး စနစ်တကျ မီးလင်းရေးကော်မတီကို ဖွဲ့စည်းထားပါတယ်။ ဦးစိန်လွင်၊ ဥက္ကဋ္ဌ၊ NLD မြို့နယ် အလုပ်အမှုဆောင်။ မန်းဂျော်နီ၊ အမှတ်(၂) ကျုံပျော် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်။ ဦးစိုးအောင်နိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်။ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် ဦးငြိမ်းလွင်၊ အုပ်ချုပ်ရေးမှူး၊ ဒိုက်ပျက်ကျေးရွာအုပ်စု ကျုံပျော်မြို့နယ်တို့ကလည်းပဲ ထောက်ခံထားပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်တွင်ပါဝင်တဲ့ ဒိုက်ပျက်ကျေးရွာ လျှပ်စစ်မီးရရှိပါက ဒေသတွင်းနေ ပြည်သူများပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချလာမည်ဖြစ်ပါတယ်။

ဒါကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ဒိုက်ပျက်ကျေးရွာသည် လျှပ်စစ်ဓာတ်အားလိုင်း (11 KVA)နှင့် (၄)မိုင်ခွဲခန့်သာ ကွာဝေးသဖြင့် လျှပ်စစ်ဓာတ်အား အမြန်ဆုံးရရှိရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မဲဆန္ဒရှင် ဒေသခံပြည်သူများက သိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၃၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၃၉။**

**ဦးခင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း မေးမြန်းသည့် ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ တောင်ညိုမြို့သစ်ရှိ ကွင်းကျယ်တိုက်နယ် ဆေးရုံကို လွန်ခဲ့သော ၂၀၀၅ ခုနှစ်က တည်ဆောက်ခဲ့ပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်လျက်ရှိသော်လည်း ယနေ့ထိ တောင်ညိုမြို့သစ်တွင် လျှပ်စစ်မီးမရရှိသေးသဖြင့် အရေးပေါ် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ရာတွင် အခက်အခဲများစွာ ကြုံတွေ့နေရ၍ လျှပ်စစ်မီးကို မည်သည့်အချိန်၌ ပေးမည်ကို သိရှိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဖြေကြားချက်များနှင့် ပေါင်းစပ်ကာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ တောင်ညိုမြို့သစ် ဓာတ်အားရရှိရေးအတွက် (11)KV ဓာတ်အားလိုင်း (၆.၃၄)မိုင် တည်ဆောက်ခြင်းနဲ့ တောင်ညိုမြို့သစ်တွင် (11/0.4)KV ၊ (200) KVA ထရန်စဖော်မာ(၃)လုံး တည်ဆောက်ပေးရမှာဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေမှ ကျပ်(၁၀၂.၇)သန်းခန့်ဖြင့် ပစ္စည်းဝယ်ယူရန် တင်ဒါခေါ်ဆိုထားပြီး စက်တင်ဘာလဆန်းမှာ ပစ္စည်းများရောက်ရှိရန် စီစဉ်ထားပြီးဖြစ်ပါတယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုရန်ပုံငွေမှ ကျပ်(၉၄.၅)သန်းခန့်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ပါ၍ (11)KV ဓာတ်အားလိုင်းများ တည်ဆောက်ပြီးပါက ကွင်းကျယ်တိုက်နယ်ဆေးရုံ ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ရန် လိုအပ်သည့် (11/0.4)KV၊ (50)KVA ထရန်စဖော်မာ တည်ဆောက်ခြင်းနဲ့ ဆေးရုံဝင်းအတွင်း (၄၀၀)ဗို့ ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ လိုအပ်သည်များ နည်းပညာပိုင်းဆိုင်ရာ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆန်းမြင့် မေးမြန်းသည့် ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ဒိုက်ပျက်ကျေးရွာသည် လျှပ်စစ်

ဓာတ်အားလိုင်း (11 KVA)နှင့် (၄)မိုင်ခွဲခန့်သာ ကွာဝေးသဖြင့် လျှပ်စစ်ဓာတ်အား အမြန်ဆုံးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့် ပေါင်းစပ်ကာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီးမှပဲ ဆက်လက် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ဒိုက်ပျက်ကျေးရွာတွင် အိမ်ခြေ(၇၈၆)အိမ်နဲ့ လူဦးရေ(၂၉၆၅)ဦးရှိပြီး အခြေခံပညာအထက်တန်းကျောင်း(၁)ကျောင်း၊ တိုက်နယ်ဆေးရုံ၊ ရဲစခန်း တစ်ခုနဲ့ မီးရထားဘူတာတစ်ခုတို့ရှိတဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ အဆိုပါ ကျေးရွာ လျှပ်စစ်မီး ရရှိရေးအတွက် ဇရပ်လှကျေးရွာမှ ဒိုက်ပျက်ကျေးရွာသို့ (11)KV ဓာတ်အားလိုင်း (၄.၅)မိုင်နဲ့ (11/0.4)KV ၊ (200)KVA ဓာတ်အားခွဲရုံ(၂)ရုံ တည်ဆောက်ပေးရမှာ ဖြစ်ပါတယ်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းလျာထားရန် အဆိုပြုလျာထားပြီးဖြစ်ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရရန်ပုံငွေနဲ့ ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေ ခွင့်ပြုရရှိတဲ့အပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်တွင် အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှူးရုံး (FDA) ဖွင့်လှစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၄။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ စံနမူနာဖြစ်လာမယ့် ဒေသအတွက်သာမက နိုင်ငံတော်အတွင်းရှိ စားသုံးသူမိဘပြည်သူများအားလုံး အတွက် အရေးကြီးလိုအပ်တဲ့ ကိစ္စရပ်တွေကို မေးခွန်းမေးမြန်းခွင့် တောင်းခံအပ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် နယ်စပ်ဝင်ထွက် ဂိတ်ပေါက်များမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ အချိန်မရွေး ဆက်သွယ်သွားလာနိုင်သောနေရာ ဖြစ်ပါတယ်။ နေ့စဉ်နှင့်အမျှ နယ်စပ်ကုန်သွယ် ပေါက်များကနေ အစားအသောက်ဆိုင်ရာ ကုန်စည်မျိုးစုံ၊ ဆေးဝါးမျိုးစုံတို့ဟာ ကျွန်တော်တို့ဒေသကို ဖြတ်သန်းပြီး နိုင်ငံတော်အတွင်းသို့ ဝင်ရောက်လာနေကြတာဖြစ်ပါတယ်။

ယနေ့အခြေခံပညာကျောင်းများမှာ တစ်ဖက်နိုင်ငံက တင်သွင်းလာသော တန်ဖိုးနည်း မုန့်တွေ၊ အသင့်စားသုံးနိုင်တဲ့ အစားအစာတွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ လိုက်လံစိစစ်နေရပါတယ်။ ကျန်းမာရေး ညီညွတ်မှုတမှုရှိ/မရှိ ဈေးကွက်အတွင်းမှာ တရားဝင်ရောင်းချရန် သင့်/မသင့် တရားဝင် ကြပ်မတ်စစ်ဆေးဖို့လိုပါတယ်။ မြို့နယ်အဆင့်တွေမှာ ဖွဲ့စည်းပေးထားတဲ့ မြို့နယ်အစားအသောက် နဲ့ ဆေးဝါးကြီးကြပ်ကွပ်ကဲရေးအဖွဲ့တွေလည်း ပုံမှန်ကွင်းဆင်းစစ်ဆေးဖို့ လိုပါတယ်။ ဒီလိုအမြဲ စိစစ်ပေးခြင်းသည် တစ်မျိုးသားလုံးအတွက် လွန်စွာအရေးကြီးပြီး မရှိမဖြစ်ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ခရိုင်အဆင့်နှင့် ညီမျှသော ဒေသအဆင့်အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှူးရုံး(၁)ရုံးကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ခွင့်ပြုဆောက်လုပ်ပေး ပါရန် တင်ပြအပ်ပါတယ်။ အောက်ပါမေးခွန်းများကိုလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နယ်တွင် အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူးရုံး (FDA)ဖွင့်လှစ်၍ ဒေသမှတစ်ဆင့် ပြည်တွင်းသို့ စီးဆင်းဝင်ရောက်လာသော အစားအသောက်နှင့် ဆေးဝါးများကို ကြပ်မတ်စစ်ဆေးပေးနိုင်မည့် အစီအစဉ်ကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ သရက်ပင်ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀:၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၆။**

**ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင် ဖြစ်ပြီး မေးခွန်းနံပါတ် (၆)(စ)ကို မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သရက်ပင်ကျေးလက်ကျန်းမာရေးဌာနဟာ ကွန်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်နဲ့ ပေပင်ချောင်ကျေးလက်ကျန်းမာရေးဌာနရဲ့အောက်မှာ ပါဝင်ပါတယ်။ ပေပင်ချောင်ကျေးလက်ကျန်းမာရေးဌာနမှာ သရက်ပင်ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အပါအဝင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ပေါင်း (၆)ခုရှိပါတယ်။ သရက်ပင်ကျေးရွာဟာ ကွန်းလှမြို့နယ်၊ သဖန်းဆိပ်ဆည်ရဲ့ အနောက်ဖက် (၃၈)မိုင်အကွာမှာတည်ရှိပြီး ပေပင်ချောင်တိုက်နယ် ဆေးရုံနဲ့ (၁၂)မိုင်ကျော် ကွာဝေးပါတယ်။ ကွန်းလှမြို့နယ်၊ သရက်ပင်ကျေးလက်ကျန်းမာရေးဌာန(ခွဲ)နဲ့ ကွန်းလှမြို့ ဆက်သွယ်ထားတဲ့လမ်းမှာ ပြောင်သွယ်ချောင်းကြီးတည်ရှိပြီး မိုးရာသီမှာ သွားလာရေး အလွန်ခက်ခဲပါတယ်။ မိုးရာသီမှာဆိုလို့ရှိရင် ပေ(၁၂၀၀)ရှိ ရေပြင်ကျယ်ကြီးကို ဖြတ်ရတာဖြစ်ပါတယ်။ ကျန်ရှိတဲ့ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တွေကလည်း ချောင်းတွေပေါ်များပြီး မိုးရာသီမှာ သွားလာရန် အလွန်ခက်ခဲပါတယ်။ လုံခြုံရေးအခြေအနေ ကောင်းမွန်ပြီး ပေပင်ချောင် ရဲစခန်းနယ်မြေမှာ တည်ရှိပါတယ်။

အထူးသဖြင့် သရက်ပင်ကျန်းမာရေးဌာန(ခွဲ)အပါအဝင် ပါဝင်ဖွဲ့စည်းထားတဲ့ ဌာနခွဲကျေးရွာများဟာ သဖန်းဆိပ်ဆည်ကြီးရဲ့ အနောက်ဖက်မှာရှိပြီး မိုးရာသီမှာ သွားလာရတာ အလွန်ခက်ခဲပါတယ်။ မိုးတွင်းကာလမှာ ဆည်ကိုဖြတ်ပြီး သွားလာရတာဖြစ်တဲ့အတွက်ကြောင့် ပိုပြီးအန္တရာယ်များပါတယ်။ လက်ရှိပေပင်ချောင် RHC ကနေပြီး လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်နေရပြီး သွားလာရေးခက်ခဲတဲ့အတွက်ကြောင့် စီမံခန့်ခွဲမှုမှာ အားနည်းသွားရတာတွေရှိပါတယ်။ ဒေသခံပြည်သူတွေကလည်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တိုးမြှင့်ပေးရန် ဆန္ဒပြုကြပြီး ကျေးရွာကနေ ဆေးခန်းအဆောက်အဦလည်း ဆောက်လုပ်ပေးပြီးဖြစ်ပါတယ်။

သရက်ပင်ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးနိုင်ပြီး အဆင့်တိုးမြှင့်ပေးနိုင်မယ်ဆိုလို့ရှိရင် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုလွှမ်းခြုံပေးနိုင်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)တွေရဲ့ လုပ်ငန်းတွေကို ကြီးကြပ်မှုပေးနိုင်ဖို့အတွက်လည်းပိုပြီးတော့ အဆင်ပြေလာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ သရက်ပင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)ကို ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ပါရန် ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဓာတုပစ္စည်းပါဝင်သည့် အီးစီးကရက် (E-Cigarettes) များကို မည်သို့ထိန်းချုပ်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၉။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသော မေးခွန်းမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဓာတုပစ္စည်းပါဝင်သည့် အီးစီးကရက် (E-Cigarettes)များကို မည်သို့ထိန်းချုပ်မည်ကို သိရှိလိုတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံသာမက ဖွံ့ဖြိုးပြီးသော အနောက်နိုင်ငံများပင် မကူးစက်နိုင်သော ရောဂါများသည် ကူးစက်ရောဂါများထက်ပင် လူတို့၏အသက်ကို ကိန်းဂဏန်းများစွာခြိမ်းခြောက်နေပြီဖြစ်ပါတယ်။ ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်မှုပုံစံများမှ လွဲချော်လျက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲမှု၊ အရက်ယမကာ အလွန်အကျွံသောက်သုံးမှု၊ သန့်ရှင်းစိတ်ချရသော အစားအသောက်များ စားသုံးနိုင်မှုမရှိခြင်းနဲ့အတူ ကိုယ်လက်လှုပ်ရှားမှု နည်းသော ဘဝနေထိုင်မှုပုံစံများကြောင့် ယနေ့မြန်မာနိုင်ငံတွင် သေဆုံးသူဦးရေ (၇၅)ရာခိုင်နှုန်းသာ မကူးစက်နိုင်သော ရောဂါများကြောင့် သေဆုံးရကြောင်း စာရင်းဇယားများအရ တွေ့ရှိရပါတယ်။

ယခုအခါ အီလက်ထရောနစ်စနစ်ဖြင့် ပြုပြင်ဖန်တီးထားသည့် စီးကရက်ကဲ့သို့ အငွေ့ထွက်သည့် ပစ္စည်းများသည် မကြာသေးမီကာလများအတွင်းက မြန်မာနိုင်ငံအတွင်းသို့ လျင်မြန်စွာဝင်ရောက်လာတာ တွေ့ရှိရပါတယ်။ ၎င်း အီးစီးကရက်ကို တရုတ်နိုင်ငံမှ ပညာရှင်တစ်ဦးက ၂၀၀၃ ခုနှစ်တွင် ဆေးလိပ်ဖြတ်သူများအတွက် တီထွင်ထုတ်လုပ်ကြပါတယ်။ ဓာတုဗေဒပစ္စည်းဖြစ်သည့် နီကိုဒင်းကို အရည်အဖြစ်ဖျော်ထားပြီး အီလက်ထရောနစ်စနစ်ဖြင့် အငွေ့အဖြစ် ပြောင်းလဲစေကာ ထိုအငွေ့ကို ရှူထုတ်စေသည့် စနစ်များပါဝင်သော ပစ္စည်းကိရိယာတပ်ဆင်ထားသည့် Electronic Nicotine Delivery System (ENDS)အဖြစ် တီထွင်ထုတ်လုပ်ထားခြင်း ဖြစ်ပါတယ်။ ဆေးရွက်ကြီးထွက်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြုထားခြင်း မဟုတ်သည့်အတွက် ဆေးရွက်ကြီးသုံးသကဲ့သို့

အန္တရာယ်မရှိဟု ပြောဆိုရောင်းချနေကြပြီး အခြားဓာတုပစ္စည်းများနှင့် အနံ့အရသာမျိုးစုံ ထည့်သွင်းထားသည့် အရည်များကိုလည်း အသုံးချလာကြောင်း တွေ့ရှိရပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးကို လျင်မြန်စွာ ပျံ့နှံ့လာပြီး ENDS အမျိုးအစားပေါင်း (၇၀၀၀) ကျော်ရှိကြောင်း တွေ့ရှိရပါတယ်။ နာမည်ကျော် စီးကရက်ကုမ္ပဏီများတွင်လည်း ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးအန္တရာယ်များသည် နီကိုဒင်းဓာတ်ကြောင့် မဟုတ်ဘဲ ဆေးလိပ်ကို လောင်ကျွမ်းစေ ဖွာရှိုက်ထွက်ပေါ်လာသော အငွေ့မှ အဆိပ်အတောက်ဖြစ်သည်ဟု ပြောင်ပြောင်တင်းတင်း ကြော်ငြာလာကြတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါ။ မြန်မာနိုင်ငံသို့ ပုံစံမျိုးစုံဖြင့် ဝင်ရောက်လာတဲ့ အီးစီးကရက်များ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် တွင်ကျယ်စွာ အသုံးပြုနေသော အီးစီးကရက်များဖြစ်ပါတယ်။ အရသာပေါင်းစုံပါဝင်ပြီး အောက်တွင် မည်သည့်အရသာကို သင်ကြိုက်နှစ်သက်ပါသလဲဟု ကြော်ငြာထားတဲ့ပုံဖြစ်ပါတယ်။ အရောင်၊ အဆင်း၊ အနံ့၊ အရသာမျိုးစုံ ရွေးချယ်အသုံးပြုနိုင်သော အီးစီးကရက်များ ဖြစ်ကြပါတယ်။ ဆေးလိပ်အနံ့၊ လိမ္မော်သီးအနံ့၊ နာနတ်သီးအနံ့၊ ချယ်ရီသီး၊ ကော်ဖီ၊ ငှက်ပျောသီး စသည်ဖြင့် စုံလင်စွာ ကြော်ငြာထားပါတယ်။ ဆေးလိပ်ဖြတ်စက်ဟု ကြော်ငြာပြီးတော့ ကျွန်တော်တို့ ဖြန့်ချိရေးလုပ်နေကြတဲ့ တရားမဝင်လက်လီလက်ကားဆိုင်များ ဖြစ်ကြပါတယ်။ ရုပ်ရှင်သရုပ်ဆောင်များ၊ မော်ဒယ်များကို အသုံးပြုပြီး ကြော်ငြာနေတဲ့ပုံ ဖြစ်ပါတယ်။ ရန်ကုန်မြို့လယ်မှာရှိတဲ့ စားသောက်ဆိုင်အတွင်း အီးစီးကရက်တစ်မျိုးဖြစ်တဲ့ Shisha အသုံးပြုနေပုံဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ WHO မှလည်း Covid-19 ရောဂါသည် နှစ်ပေါင်းများစွာထိ ဆက်ရှိနေမည်ဟု ပြန်လည်သုံးသပ်ပြောဆိုကြပါတယ်။ ယခုလိုစားသောက်ဆိုင်များတွင် အုပ်စုဖွဲ့၍ ဆက်လက်အသုံးပြုနေမည်ဆိုပါက မြန်မာနိုင်ငံ၏ ကိုဗစ်တိုက်ဖျက်ရေးလုပ်ငန်းအတွက် စိန်ခေါ်မှုအနေနဲ့ များစွာရင်ဆိုင်ရမှာဖြစ်ပါတယ်။ ယခုအခါ အီးစီးကရက်သည် မြန်မာနိုင်ငံ၏ မြို့ကြီးတော်တော်များများတွင် ပျံ့နှံ့လာသည်ကိုတွေ့ရှိရပြီး ကျပ်ငွေ(၂)သောင်းမှ (၂)သိန်းအထိ တန်ဖိုးကြီးစွာ ဝယ်ယူသုံးစွဲနေတာ တွေ့ရှိရပါတယ်။ လူငယ်များအတွက် Internet ၊ Online မှတစ်ဆင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း၊ မြန်မာနိုင်ငံရှိ စားသောက်ဆိုင်များ၊ ဘီယာဆိုင်များ၊ ဘုရားပွဲခင်းများ၊ ကာရာအိုကေဆိုင်များတွင် ရေပြောင်းတစ်ခုတည်း ကိုယ်ပိုင်သုံးဖြင့် အသုံးပြု၍လည်းကောင်း၊ အငွေ့ရှူပိုက်များပါ ချိတ်ဆက်ပြီး လူအများဝိုင်းရှူကြသည့် ရေပြောင်းပုံစံဖြင့် အသုံးပြုနေကြသည်ကို တွေ့ရှိရပါတယ်။

လူငယ်လူလတ်များ အထူးသဖြင့် အမျိုးသမီးငယ်များအကြား အီးစီးကရက် ရှူရှိုက်ခြင်းသည် ခေတ်မီသည်၊ စီးကရက်သောက်ခြင်းကဲ့သို့ အန္တရာယ်မရှိဟု တွေးထင်မှားနေကြပါတယ်။

ယခုအခါ အီးစီးကရက်နှင့် အခြားသော ဆေးရွက်ကြီးပစ္စည်းများကို သုံးစွဲမှု၊ တင်သွင်းမှုများ၊ ပိတ်ပင်ခြင်းနည်းလမ်း၊ ဥပဒေဖြင့် ခြိမ်းခြောက်သည့်နည်းလမ်းများကို အိမ်နီးချင်းနိုင်ငံများပါ အသုံးပြုလာပြီ ဖြစ်ပါတယ်။ ထို့အတွက်ကြောင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် အဆိုပါ အီးစီးကရက်ကို မည်သို့မည်ပုံပိတ်ပင်တားဆီးနိုင်မည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။


ဆေးလိပ်ဖြတ်စက်ဟု ကြော်ငြာ၍ ရောင်းချနေသော အီး-စီးကရက်လုပ်ငန်းများ ပြပုံ (ဠ)




ရုပ်ရှင်သရုပ်ဆောင်များ၊ မော်ဒယ်များဖြင့် အီး-စီးကရက်များ ကြော်ငြာနေသည့် မြင်ကွင်းပုံ (ဠ-၁)



ရန်ကုန်မြို့လယ်ခေါင်ရှိ စားသောက်ဆိုင်တစ်ခုတွင် Shisha (ခေါ်) အီး-စီးကရက်အသုံးပြုနေကြသည့် မြင်ကွင်းပုံ (ဠ-၂)



**ကျောက်တော်မြို့နယ်အတွင်း လင်ကွီကျေးရွာနှင့် မတင်မှိုင်းချောင်းကျေးရွာတို့တွင် ကျန်းမာရေးဌာန(ခွဲ)တစ်ခုစီကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၄။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့ မေးခွန်းဖြစ်တဲ့ ကျောက်တော်မြို့နယ်အတွင်း လင်ကွီကျေးရွာနှင့် မတင်မှိုင်းချောင်းကျေးရွာတို့တွင် ကျန်းမာရေးဌာန(ခွဲ)တစ်ခုစီကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်တော်မြို့နယ်တွင် ကျေးရွာပေါင်း(၂၈၃)ရွာနဲ့ လူဦးရေပေါင်း (၂၄၀၀၀၀)ကျော်နေထိုင်တဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ကတော့ မြို့နယ်မှာ ခုတင်(၅၀)ဆံ့ ဆေးရုံ(၁)ရုံ၊ တိုက်နယ်ဆေးရုံ(၃)ရုံနဲ့ ကျန်းမာရေးဌာန(၁၀)ခု၊ ဌာနခွဲ(၄၀)ရှိတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ မြို့နယ်အတွင်း ကျေးရွာပေါင်းများစွာမှာ နေထိုင်ကြတဲ့ ဒေသခံများ လူတိုင်းစေ့ ကျန်းမာရေးစောင့်ရှောက်မှုရနိုင်ရေးအတွက် ကျေးရွာများအတွင်း ကျန်းမာရေးဌာန၊ ဌာနခွဲများကို တိုးချဲ့ဖွင့်လှစ်နိုင်ရန်အတွက် များစွာလိုအပ်နေသေးကြောင်း သိရပါတယ်။

လင်ကွီကျေးရွာမှာ ကျောက်တော်မြို့နယ်ရဲ့ မြောက်ဘက် ပီချောင်းနယ်မြေအတွင်းမှာရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ လက်ရှိမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ရေလမ်းကို အဓိကထားအားကိုးပြီး သွားလာရတဲ့ အရပ်ဒေသတစ်ခုဖြစ်ပါတယ်။ လက်ရှိတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားတဲ့ ကျန်းမာရေးဌာန(ဝဲကြီးဒေါင့်)နဲ့ (၅)မိုင်ခန့်ကွာဝေးပြီး ပီချောင်း၏ တစ်ဖက်ကမ်းတွင် ရှိနေပါတယ်။ အဆိုပါ လင်ကွီကျေးရွာဟာ ပီချောင်းတစ်ဖက်ကမ်းတွင်ရှိပြီး ကျန်းမာရေးဌာန၊ ဌာနခွဲများလည်း တစ်ခုမှဖွင့်လှစ်ထားခြင်း မရှိပါ။ အနီးဆုံး ကျေးရွာများအဖြစ် ကျောက်နှာခေါင်းကျေးရွာ၊ တောင်ရွာ၊ ကွမ်းချောင်း၊ ကျင်ကြီး၊ ရက်ခုံတိုင်၊ သံမျှာ ကျေးရွာတို့ရှိနေပြီး လူဦးရေ(၃၀၀၀)

ကျော်ခန့်ရှိပါတယ်။ ကျန်းမာရေးဌာန၊ ဌာနခွဲများမှာလည်း ပီချောင်း၏ တစ်ဖက်ကမ်းတွင် ရှိနေတဲ့အတွက် မိုးရာသီတွင် ကျန်းမာရေးအရ သွားရမည်ဆိုပါကလည်း ချောင်းမှာ ရေစီးသန်တဲ့အတွက် သွားလာရေးအဆင်မပြေမှုများရှိတဲ့ ကျေးရွာဖြစ်ပါတယ်။

မတင်မိုင်းချောင်းကျေးရွာမှာ မိုင်းချောင်းနယ်မြေတပိုက်မှာရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ ကုလားတန် မြစ်ကြီးမှတစ်ဆင့် မိုင်းချောင်းထဲကို လှေငယ်များဖြင့် ဝင်ရောက်ပြီး ကုန်းလမ်း ပိတ်ကျေးရွာဖြစ်ပါတယ်။ ကုန်လမ်းမရှိပါဘူး။ မတင်မိုင်းချောင်းအုပ်စုမှာ ကျေးရွာ(၈)ရွာခန့် ရှိပါတယ်။ ကျေးရွာအုပ်စုအတွင်းမှာ နဂရာကျေးရွာ ကျန်းမာရေးဌာနခွဲမှ (၄)မိုင်ကွာဝေးပါတယ်။ ရေလမ်းပဲ ဆိုပေမယ့် ရေလမ်းကို အသုံးပြုရတာက မိုင်းချောင်းက ချောင်းငယ်လေးဖြစ်တဲ့အတွက် နွေရာသီမှာ ရေများခန်းခြောက်ပြီး မိုးရာသီဆိုလို့ရှိရင် ရေစီးသန်တဲ့ချောင်းဖြစ်ပါတယ်။ အဆင်ပြေမှုမရှိပါ။ အဲဒါကြောင့် ကျန်းမာရေးကိစ္စများ တစ်စုံတစ်ရာဖြစ်လာပါက လုံးဝအဆင်မပြေနိုင်တဲ့ အရပ်ဒေသ ဖြစ်ပါတယ်။ မတင်မိုင်းချောင်းကျေးရွာမှာ ကျေးရွာ(၈)ရွာရှိပြီး လူဦးရေ(၂၀၀၀)ကျော် ခန့်ရှိပါတယ်။ မတင်မိုင်းချောင်း၊ ဒိုးတန်း၊ နန်းရာကုန်း၊ လက်ပေါင်၊ သင်းချိုင်းတောင်၊ ပေါင်မဲ၊ ရေနံဒုံ၊ ဇင်းချောင်း ကျေးရွာများဖြစ်ပြီး ၎င်းကျေးရွာများဟာလည်း မြို့တိုင်းရင်းသားကျေးရွာများ အများစုဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးအတွက် ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်သင့်တဲ့ အရပ်ဒေသ တစ်ခုဖြစ်ပါတယ်။

အဆိုပါ ကျေးရွာများဟာ ကျန်းမာရေးစောင့်ရှောက်မှု အမှန်တကယ်လိုအပ်နေသော ကျေးရွာများဖြစ်နေခြင်း၊ လမ်းပန်းဆက်သွယ်ရေးလည်း အမှန်တကယ် ခက်ခဲခြင်းတို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်စံကိုက် လူဦးရေပြည့်မီခြင်းမရှိသော်လည်း ဖြေလျော့ပေးပြီး ဒေသခံများကျန်းမာရေးစောင့်ရှောက်မှုရရှိစေရေးအတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၅၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၅၇။**

**ဒေါက်တာမြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်မကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယ

ဝန်ကြီး ဒေါက်တာမြလေးစိန် ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် ၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် နေပြည်တော် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(၁၂)ရုံး၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(၃၁)ရုံးနဲ့ နယ်စပ်အစားအသောက်နှင့် ဆေးဝါးစစ်ဆေးရေးဌာန(၅)ရုံး၊ အရာထမ်း (၂၉၃)ဦး၊ အမှုထမ်း (၁၀၆၈)ဦး စုစုပေါင်း ဝန်ထမ်းအင်အား(၁၃၆၁)ဦးဖြင့် အရည်အသွေးပြည့်ဝပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ပြည်သူလူထုမှ ရရှိသုံးစွဲနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရန် စစ်ဆေးဆောင်ရွက်ရသည့်လုပ်ငန်းများ ပိုမိုလွှမ်းခြုံဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ခရိုင်ရုံး(၁၀)ရုံးအား တိုးချဲ့ဖွင့်လှစ်သွားရန်အတွက် ၂-၄-၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၅/၂၀၂၀)တွင် သဘောတူညီခဲ့ပြီး ဖွင့်လှစ်ရန်ကျန်ရှိနေသော ရုံးခွဲ (၃၄)ရုံးလျာထား (၁၀)ရုံးမပါ လုပ်ငန်းလိုအပ်ချက် ဦးစားပေးအဆင့်အလိုက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့်အညီ နှစ်စဉ်တိုးချဲ့ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ချင်းရွှေဟော်နယ်စပ် အစားအသောက်နှင့် ဆေးဝါးစစ်ဆေးရေးဌာနကို ၆-၇-၂၀၁၄ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး ဝန်ထမ်း(၂)ဦးဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ဒေသတွင်းတိုက်ပွဲများဖြစ်ပွားချိန်၌ ဝန်ထမ်းတစ်ဦးမှာ မန္တလေးသို့ ပြန်လည်ရောက်ရှိခဲ့သော်လည်း ကျန်ဝန်ထမ်းတစ်ဦးမှာ ပျောက်ဆုံးသွားပါသဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိသဖြင့် ချင်းရွှေဟော်နယ်စပ် အစားအသောက်နှင့် ဆေးဝါးစစ်ဆေးရေးဌာနအား ဖွင့်လှစ်ခြင်းမှ ခေတ္တရပ်နားခဲ့ပါတယ်။ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ ကုသရေးဦးစီးဌာနမှ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအဖွဲ့၊ စားသုံးသူရေးရာအဖွဲ့တို့သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့တွင် တာဝန်ထမ်းဆောင်သူမရှိပါ။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း၌ လားရှိုးခရိုင်တွင်သာ ဦးစီးမှူး (၂)ဦး၊ ဝန်ထမ်း(၆)ဦးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။

လောက်ကိုင်မြို့ပေါ်တွင် ကျောင်းများ၊ အစားအသောက်များ ရောင်းချခြင်းကို လောက်ကိုင်ခရိုင်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် လောက်ကိုင်မြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ပေးအပ်ထားသည့် သွားဆရာဝန်တစ်ဦး ဦးဆောင်သော ကျောင်းကျန်းမာရေးအဖွဲ့၊ စည်ပင်၊ ထွေအုပ်၊ ရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ ကျောင်းအုပ်တို့နှင့် ပူးပေါင်း၍ ကျောင်းမုန့်ဈေးတန်းရှိ မုန့်များ စားသောက်ရန် သင့်/မသင့် စစ်ဆေး၍ မသင့်ပါက ရောင်းချမှုမရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လားရှိုးခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် လောက်ကိုင်ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးကော်မတီတို့မှလည်း လောက်ကိုင်မြို့ပေါ်တွင် အစားအသောက်စစ်ဆေးခြင်းကို ဆောင်ရွက်ခြင်းအား လိုအပ်ပါက FDA သို့ပို့ရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ကိုးကန့်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဖွင့်လှစ်ရန် ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ်ထိ ဖွင့်လှစ်ဆောင်ရွက်ရန် လျာထားချက်တွင် ပါရှိခြင်းမရှိသေးပါ။ နယ်မြေအေးချမ်းတည်ငြိမ်မှု အခြေအနေအပေါ်မူတည်၍ ရုံးအဆောက်အဦ Infrastructure များလျာထားနိုင်မှုအပေါ်မူတည်၍ ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ခရိုင်ရုံးတစ်ခု အသစ်ဖွင့်လှစ်မည်ဆိုပါက (၁) ဖွင့်လှစ်မည့် လျာထားသည့် ခရိုင်၏လူဦးရေ၊ (၂) အကျယ်အဝန်း၊ (၃) လက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်ခရိုင်အကွာအဝေးနှင့် ဖွင့်လှစ်လိုသည့် အဆိုပြုခရိုင်အကွာအဝေး၊ (၄) အဆိုပြုခရိုင်အတွင်းရှိ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းလုပ်ငန်းများ အရေအတွက်၏ အရေးပါမှုကို စိစစ်၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများမှ ဦးစားပေးနေရာ(၃)ခုကို ရွေးချယ်စေကာ ၎င်းတို့အနက်မှတစ်ခုအား အထက်ဖော်ပြပါ ခရိုင်ရုံးဖွင့်လှစ်ရေး (၄)ချက်ဖြင့် ရွေးချယ်ပေးလျက်ရှိပါတယ်။ ဖွင့်လှစ်လိုသည့် ခရိုင်အား သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ခံပေးခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြခြင်း၊ ၎င်းမှတစ်ဆင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊ ခရိုင်ရုံးမြေနေရာတောင်းခံခြင်း၊ ဘတ်ဂျက်အဆိုပြု တောင်းခံခြင်းနှင့် ဝန်ထမ်းခန့်ထားခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်း၏ အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေရေးလုပ်ငန်းများကို လားရှိုးခရိုင်နှင့် မူဆယ်နယ်စပ်ရုံးတို့မှ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် နယ်မြေအေးချမ်း တည်ငြိမ်မှု၊ လုပ်ငန်းလိုအပ်ချက်အလိုက် ဦးစားပေးမှုအရ လောက်ကိုင်ခရိုင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအား ထပ်မံဖွင့်လှစ်မည့် ခရိုင်ရုံး(၃၄)ရုံး ဆောင်ရွက်ရာတွင် တင်ပြချက်များအပေါ်

မူတည်၍ ဦးစားပေး အစီအစဉ်အတိုင်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းအောင် ၏ ကြယ်ပွင့်ပြမေးခွန်းအား ဆက်လက် ဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကွျန်းလှမြို့နယ်တွင် ကျေးရွာ စုစုပေါင်း(၁၁၈)ရွာ၊ အိမ်ခြေစုစုပေါင်း (၁၉၈၈၄)အိမ်၊ လူဦးရေစုစုပေါင်း (၁၀၂၀၀၃)ဦးရှိပြီး၊ ကျန်းမာရေးစောင့်ရှောက်ရန်အတွက် ကျေးလက်ကျန်းမာရေးဌာန (၆)ဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၃၅)ဌာန၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန (၁)ခုတို့ဖွင့်လှစ်၍ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများဖြစ်သည့် ကျန်းမာရေးမှူး-၁ (၁)ဦး၊ မြို့နယ်သူနာပြုအဆင့်-၁(၁)ဦး၊ လက်ထောက်ကျန်းမာရေးမှူး (၆)ဦး၊ ကျန်းမာရေးကြီးကြပ်-၁ (၃)ဦး၊ သားဖွားဆရာမ (၄၈)ဦး၊ ကျန်းမာရေးကြီးကြပ်-၂ (၂၇)ဦးတို့ မှ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပါတယ်။

သရက်ပင်ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ကွျန်းလှမြို့နယ် ပေပင်ချောင် ကျေးလက်ကျန်းမာရေးဌာနအောက်တွင် ပါဝင်ပြီး မြို့နယ်ဆေးရုံနှင့် (၃၈)မိုင်၊ ပေပင်ချောင်ကျေးလက်ကျန်းမာရေးဌာနနှင့် (၁၂)မိုင်ကွာဝေးပါတယ်။ လမ်းပန်းဆက်သွယ်ရေးအရ ကွျန်းလှမြို့နယ်နှင့် သရက်ပင်ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဆက်သွယ်ထားသောလမ်းတွင် ပြောင်သွယ်ချောင်းကြီးရှိနေပြီး မိုးရာသီတွင် သွားလာရန် အလွန်ခက်ခဲပါတယ်။ ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦဆောက်လုပ်ရန် မြေနေရာ(၀.၈၃)ဧကရှိပြီး ပုံစံ(၁၀၅)ရရှိထားပြီးဖြစ်ပါတယ်။ သရက်ပင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိပါက ကျေးရွာပေါင်း (၁၁)ရွာ၊ အိမ်ခြေပေါင်း (၁၅၉၄)အိမ်၊ လူဦးရေ (၇၁၉၆)ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်မည်ဖြစ်ပါသဖြင့် ကျေးလက်ကျန်းမာရေးဌာန တိုးမြှင့်ဖွင့်လှစ်သင့်ကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံတင်ပြထားပါတယ်။

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကွျန်းလှမြို့နယ်နှင့် သရက်ပင်ကျေးလက် ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၆-၁၁-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၇၁ မခ(ထ)၂၀၁၉ (၄၄၈၃)၁၉၆၄၆ ဖြင့် စီမံကိန်းနှင့် ဖွံ့စည်းပုံစိစစ်ရေးအဖွဲ့သို့ သဘောထားမှတ်ချက် တောင်းခံထားပြီးဖြစ်ပါတယ်။ ပြန်ကြားချက်၊ ထောက်ခံချက်ရရှိလျှင် ပြည်ထောင်စုအစိုးရအဖွဲ့ထံသို့ တင်ပြ၍ ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့တင်ပြ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သို့ရာတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ (၅-၅-၂၀၂၀)ရက်စွဲပါစာအမှတ်၊ စဘ၀/စီမံ-၁/၃/၅၂(၁၁၃၇/၂၀၂၀)ဖြင့် ယခုအခါ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးများအနေဖြင့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်း၊ ပြည်ထောင်စုဝန်ကြီးဌာနများက အမှုတွဲတင်ပြရာတွင် အချိန်ကြန့်ကြာမှုမရှိ စေရန် (OSS) One Stop Service ပုံစံဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၉)ဖြင့် ထုတ်ပြန်ထားသော မူဝါဒနှင့် လုပ်ငန်းစဉ်များအား ပြင်ဆင်ထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ တင်ပြထားသော ဆေးရုံများ၊ ကျေးလက် ကျန်းမာရေးဌာနများ၊ ဌာနခွဲများ စံကိုက် ဖွဲ့စည်းခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ အသစ်တိုးချဲ့ ဖွင့်လှစ်ခြင်း၊ ခွင့်ပြုညှိနှိုင်းလာခြင်းကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒအသစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးမှသာ မူဝါဒအသစ်နှင့် အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်ရမည်ဖြစ်ကြောင်း အကြောင်းကြားလာ ပါသဖြင့် အဆိုပါ မူဝါဒအသစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးမှသာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ၏ ကြယ်ပွင့်ပြမေးခွန်းအား ဆက်လက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေကြားနိုင်ဖို့အတွက် လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အချိန်အနည်းငယ် ပိုပေးပါရန်နှင့် အင်္ဂလိပ်ဘာသာစကားများ အသုံးပြုခွင့်ပေးပါရန် မေတ္တာရပ်ခံ လိုပါတယ်။

E-Cigarettes သည် Electronic Nicotine Deliversy System အတိုကောက်အနေနဲ့ (ENDS) ဆိုပြီး ခေါ်ပါတယ်။ လူကို စွဲလမ်းစေသည့်အပြင် အန္တရာယ်ပေးနိုင်သော ကင်ဆာရောဂါ အပါအဝင် အဆုတ်နှင့် အသက်ရှူလမ်းကြောင်းတို့ကို ဆိုးရွားစွာ ပျက်စီးစေနိုင်သော ဓာတ်ပစ္စည်း များပါဝင်၍ အစားထိုးအသုံးမပြုရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတိပေးထားပြီး ဖြစ်ပါတယ်။ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ရဲ့ Report မှာ (ENDS) Currently banned in 41 Countries ဆိုပြီးတော့ ဖော်ပြထား ပါတယ်။ WHO အနေနဲ့ ကမ္ဘာ့နိုင်ငံအသီးသီး၏ ဆွေးနွေးချက်များကို တင်ပြလိုပါတယ်။ Electronic Nicotine Deliversy System (ENDS)နှင့် Electronic Non-Nicotine Deliversy System (ENNDS) တို့ကို အောက်ပါအတိုင်း ဆောင်ရွက်ထားပါတယ်။

၂၀၁၄ ခုနှစ်တွင် Framework Convention on Tobacco Contorl မှ Report ကို စတင် ထွက်ခဲ့ပါတယ်။ E-Cigaretee နဲ့ ပတ်သက်ပြီးတော့။ မော်စကို ရုရှားနိုင်ငံ ဖယ်ဒရေးရှင်းမှာ အောက်တိုဘာလ ၁၃ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပတဲ့ WHO Meeting မှာ စတင်ထွက်လာ တာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ Rio De Janeiro၊ Brazil နိုင်ငံမှာ ဒီဇင်ဘာလမှာကျင်းပတဲ့

WHO Meeting ကနေပြီး Deliberations and Scientific Recommendations On (ENDS) (ENNDS)by WHO Study Group On Tobacco Product Regulation စတင်ထွက်ပေါ်လာပါတယ်။

၂၀၁၆ ခုနှစ်၊ မေလ ၄ ရက်နှင့် ၅ ရက်နေ့မှာတော့ Panama City နှင့် Panama နိုင်ငံမှာ ကျင်းပပြုလုပ်တဲ့ Four Background Papers Commissioned by WHO Regulation Option ဆိုပြီးတော့ ဆက်လက်ထွက်ပေါ်လာပါတယ်။ ၂၀၁၉ ခုနှစ်မှာ WHO Study Group On Tobacco Product Regulation မှ Report on the Scientific Basic of Tobacco Product Regulation ကို စတင်ထွက်ပေါ်လာပါတယ်။ ၂၀၁၉ ခုနှစ်မှာပဲ WHO Report On Global Tobacco Epidemic ကနေပြီးတော့ Geneva မှာကျင်းပတဲ့ (ENDS)နှင့် (ENNDS)အတွက် ဆောင်ရွက်သင့်သည့် အချက်အလက်များကို ထုတ်ပြန်ပေးခဲ့ပါတယ်။ အဲဒီထုတ်ပြန်ပေးချက်တွေအရ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း ဒီထုတ်ပြန်ပေးချက်တွေနဲ့အတူ ဆေးလိပ်၊ ဆေးရွက်ကြီးနဲ့ပတ်သက်တဲ့ ဥပဒေများကို ပြင်ဆင်ရေးဆွဲနိုင်ဖို့အတွက် ဆက်လက် ကြိုးပမ်းနေကြတာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ E-Cigarettes အပါအဝင် ဆေးရွက်ကြီးထွက် ပစ္စည်းအသစ်များနှင့် ပတ်သက်ပြီး ထိန်းချုပ်တားဆီးရန် နိုင်ငံတော်အစိုးရအား တွန်းအားပေးကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း က တင်သွင်းခဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်များစွာဖြစ်စေသည့်အပြင် ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်စေသည့်အတွက် ပြည်သူလူထု၏ ကျန်းမာရေးကို ရှေးရှု၍ လွှတ်တော်ကိုယ်စားလှယ်၏ အဆိုကို လွှတ်တော်မှ အတည်ပြုရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

E-Cigarettes ၏ အန္တရာယ်နှင့်ပတ်သက်၍ အများပြည်သူများ သိရှိသတိပြုရန် ကျန်းမာရေးဆိုင်ရာ အသိပညာပေးစာစောင်များကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ထုတ်ဝေထားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အင်တာနက်စာမျက်နှာနှင့် ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲ၏ လူမှုကွန်ရက် စာမျက်နှာများတွင် အသိပေးတင်ပြ ဆောင်ရွက်ထားပြီး အခြေခံကျန်းမာရေးပညာရှင်များထံ ဖြန့်ဝေသည့် Tablets များတွင်လည်း ထည့်သွင်းဆောင်ရွက်ထားပြီးဖြစ်ပါတယ်ရှင်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှုထိန်းချုပ်ရေးနှင့်ပတ်သက်၍ ပြည်သူလူထုကို အသိပညာပေးရန် ရည်ရွယ်ပြီး ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အခမ်းအနားကို နှစ်စဉ် မေလ ၃၁ ရက်နေ့တွင် ကမ္ဘာတစ်ဝှမ်း၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။ မြန်မာပြည်မှာလည်း ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယခုအချိန်မှာ Covid-19 Pandemic ကာလဖြစ်၍ လူစုလူဝေးများဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများ မဆောင်ရွက်နိုင်ပါသဖြင့် ၃၁-၅-၂၀၂၀ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့

ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနား (၂၀၂၀) အထိမ်းအမှတ် အစီအစဉ်တွင် ထည့်သွင်း ဆောင်ရွက်မည့် Mass Media Campaign ပညာပေးအစီအစဉ်ဖြင့် E-Cigarettes အန္တရာယ်ကို ပြည်သူလူထုသိရှိလာရန် အနုပညာရှင်များပါဝင်သည့် အသိပညာပေး Short Video Clip ရိုက်ကူး၍ နိုင်ငံပိုင် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခြင်း၊ အဆိုပါအနုပညာရှင်များ၏ facebook၊ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ facebook စာမျက်နှာများမှ တစ်ဆင့် Media Campain များ ပြုလုပ်ခြင်း၊ Covid -19 Quarantine Center များတွင် အသိ ပညာပေး Poster များ ကပ်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါတယ်။ ပိုမိုထိရောက်သော ပညာပေးအစီအစဉ်များ ဆောင်ရွက်နိုင်ရန် သုံးစွဲသူနှင့် ပတ်သက်ပြီး သတင်း အချက်အလက်များရရှိနိုင်ရန် ဝန်ကြီးဌာနပေါင်းစုံနှင့် လူမှုအဖွဲ့အစည်းများ ပါဝင်သည့် လေ့လာမှု များဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ်၊ ဇွန်လတွင် နေပြည်တော် Grand Amara Hotel ၌ ဆောင်ရွက်ခဲ့သော Myanmar National Conference on Tobacco Control and Prevention of Non-Communicable Disease နောက်ဆက်တွဲဖြစ်သည့် တိုင်းဒေသကြီး၊ ပြည်နယ် လူမှုရေးဝန်ကြီးများ ပါဝင်ဖွဲ့စည်းမည့် Subnational Government Alliance on Tobacco Control and Prevention of Non-Communicable Diseases(NCDS) ကွန်ရက်မှတစ်ဆင့် E-Cigarettes အန္တရာယ်နှင့်ပတ်သက် သည့် သတင်းအချက်အလက် ဆောင်ရွက်ချက်များကို မျှဝေဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အခြားဝန်ကြီးဌာနများနဲ့ ချိတ်ဆက် ဆောင်ရွက်တဲ့အနေနဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အရက်၊ ဘီယာ၊ စီးကရက်များကို ၄-၂-၂၀၁၃ ရက်စွဲပါ အမိန့်အမှတ်၊ (၈/၂၀၁၃)ဖြင့် ကုန်သွယ်မှုအလို့ငှာ ပြည်ပမှ တင်သွင်းခွင့်မပြုသည့် ပစ္စည်းများအဖြစ် သတ်မှတ်ထားပါကြောင်း သိရပါတယ်။ သို့ရာတွင် ပြောင်းလဲတိုးတက်လာသော အခြေအနေများအရ နိုင်ငံခြားသား ခရီးသွားဧည့်သည် ဝင်ရောက်မှု များပြားလာခြင်း၊ ပြည်တွင်းဝယ်လိုအား တိုးတက်လာခြင်းနှင့် ဈေးကွက်လိုအပ်ချက်ရှိခြင်းတို့ကြောင့် နိုင်ငံတကာလေဆိပ်များတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော အကောက်ခွန်လွတ် အရောင်းဆိုင်များ တွင် ရောင်းချနိုင်ရန်အတွက်လည်းကောင်း၊ ဟိုတယ်များတွင် အသုံးပြုရန်အတွက် ဟိုတယ်နှင့် ခရီး သွားလာရေးဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့်လည်းကောင်း အကန့်အသတ်ဖြင့်သာ တင်သွင်း ခွင့်ပြုထားကြောင်း သိရှိရပါတယ်။

ယခင်က တင်သွင်းခွင့် ကန့်သတ်ထားသော အမိန့်ကြော်ငြာစာ ထုတ်ပြန်ချက်သည် စီးကရက်ဟုသာ ဖော်ပြပါရှိခဲ့သော်လည်း E-Cigarettes သည် နည်းပညာတိုးတက် ပြောင်းလဲမှုများ အရ မကြာသေးမီနှစ်များအတွင်း ရေပန်းစားလာသည့် အသစ်ပေါ်ထွက်လာသော စီးကရက်တွင် အသုံးပြုသည့် Nicotine ပါဝင်သည့် စီးကရက်အနွယ်ဝင်ပစ္စည်းတစ်ခုဖြစ်ရာ ကျန်းမာရေးနှင့်

အားကစားဝန်ကြီးဌာနအနေနဲ့ E-Cigarettes များကို ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများအရ စီးကရက်နှင့် တစ်ပြေးညီထိန်းချုပ်နိုင်ရေး သတ်မှတ်ဆောင်ရွက်ခြင်း သို့မဟုတ် ကျန်းမာရေးဆိုင်ရာ လေ့လာဆန်းစစ်ချက်များအရ ကျန်းမာရေးကို ထိခိုက်သောပစ္စည်းအဖြစ် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်မည်ဆိုပါက စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ယင်းပစ္စည်းများကို တင်သွင်းခွင့် ကန့်သတ်ခြင်းဖြင့် ပြည်တွင်း ဈေးကွက်သို့ ဝင်ရောက်မှု ထိန်းချုပ်နိုင်ရေးပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြထား ပါတယ်။

မကြာသေးမီကာလတွင် ပြည်တွင်းကုမ္ပဏီတစ်ခုမှ Nicotine ပါဝင်သည့် E-Cigarettes တွင် ထည့်သွင်းအသုံးပြုမည့် E-Liquid အရည်များကို သွင်းကုန်လိုင်စင် လျှောက်ထားခြင်းအပေါ် တင်သွင်းခွင့်ပြုရန် သင့်/မသင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အကောက်ခွန် ဦးစီးဌာနတို့မှ သဘောထားမှတ်ချက် တောင်းခံခဲ့ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် E-Cigarettes နှင့် ၎င်းနှင့်ဆက်စပ်သောပစ္စည်းများအား တင်သွင်းခြင်းအား မထောက်ခံပါ ကြောင်း အချက်အလက်များနှင့်တကွ ပေးပို့ခဲ့ပါတယ်။

ဤကဲ့သို့ ဝန်ကြီးဌာနအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုအားဖြည့် ဆောင်ရွက် ရမှာဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန အနေဖြင့် စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဘေးအန္တရာယ်ရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို စောင့်ကြည့်စစ်ဆေးနိုင်ရန်နှင့် ဈေးကွက်အတွင်းမှ ပပျောက်ရန် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စု နယ်မြေများတွင် စစ်ဆေးရေးအရာရှိ (၁၅၄)ဦးကို ဥပဒေနှင့်အညီခန့်အပ်၍ လုပ်ငန်းတာဝန်များ ပေးထားပြီးဖြစ်ကြောင်းကိုလည်း သိရှိရ ပါတယ်။

ထို့အပြင် စားသုံးသူရေးရာဦးစီးဌာနသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဓာတုပစ္စည်း ပါဝင်သည့် E-Cigarettes များနှင့်စပ်လျဉ်း၍ စစ်ဆေးရေးအရာရှိ၏ စောင့်ကြည့်လေ့လာချက်များ နှင့် သက်ဆိုင်ရာအစိုးရဌာနများ၏ စစ်ဆေးတွေ့ရှိချက်များအရ ဘေးအန္တရာယ်ရှိသော ကုန်စည်ကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းဆည်းစေရန် သို့မဟုတ် ရောင်းချဖြန့်ဖြူးခြင်းကို တားမြစ်နိုင်ရန် အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

Global Governance on Tobacco Control (GGTC)၏ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ တွင် ကမ္ဘာ့နိုင်ငံများ၏ E-Cigarettes (ENDS)အပေါ် အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေများ အရ E-Cigarettes များရောင်းချခြင်းကို တားမြစ်ထားပြီး နိုင်ငံပေါင်း (၄၁)နိုင်ငံရှိပြီ ဖြစ်ကာ

အိမ်နီးချင်းနိုင်ငံများအနေဖြင့် ဘူတန်၊ အိန္ဒိယ၊ လာအို၊ နီပေါလ်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း၊ တီမောလ်နိုင်ငံတို့ ပါဝင်ပါတယ်။

အာဆီယံ (၁၀)နိုင်ငံများတွင် E-Cigarettes Regulation များ ပြုလုပ်ထားသည့်အပေါ် လေ့လာထားသည့်စာတမ်းအရ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံများတွင် E-Cigarettes ထိန်းချုပ်ခြင်းနဲ့ပတ်သက်ပြီး သီးသန့်ဥပဒေ၊ အမိန့်ကြော်ငြာစာ ညွှန်ကြားချက်များ ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါတယ်။ လာအိုနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် Tobacco Control Law များနှင့် E-Cigarettes များနှင့်ပတ်သက်သည်ကို အသေးစိတ် တိကျစွာ ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ဘရူနိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် ပြဋ္ဌာန်းထားပြီးဖြစ်သော ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေများကို ကိုးကား၍ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ ထုတ်ပြန်၍ E-Cigarettes ထိန်းချုပ်ခြင်းကို ဆောင်ရွက်ထားကြောင်း တွေ့ရပါတယ်။ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့တွင် E-Cigarettes ထိန်းချုပ်ခြင်းနဲ့ ပတ်သက်၍ ဥပဒေတွင် ဖော်ပြထားခြင်း မရှိကြောင်း တင်ပြထားပါတယ်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (WHO FCTC)ကို ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် (၁၁)နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်လာခဲ့ပါတယ်။ ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၀၇ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် အာဏာတည်ခဲ့ပါတယ်။ အဆိုပါဥပဒေတွင် E-Cigarettes နှင့်ပတ်သက်၍ ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းအပေါ် ပိတ်ပင်တားမြစ်ခြင်း မရှိသေးပါ။ ၂၀၀၆ ခုနှစ်၊ ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို အသစ်ပြန်လည်ရေးဆွဲရန် ၂၀၁၆ ခုနှစ်အတွင်း အစည်းအဝေးများဆောင်ရွက်ခြင်း၊ ၂၀၁၇ ခုနှစ်တွင် ပြည်သူ့လွှတ်တော် ကျန်းမာရေးကော်မတီသို့ တင်ပြခြင်း၊ ၂၀၁၈ ခုနှစ်တွင် (FCTC) 2030 Project ၏ အထောက်အပံ့ဖြင့် ရှေ့လုပ်ငန်းစဉ်များတွင် ဥပဒေအသစ် ပြဋ္ဌာန်းရန်အတွက် ထည့်သွင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း Frame Work Convention on Tobacco Control (WHO FCTCO), Global Governance on Tobacco Control(GGTC), South East Asia Tobacco Control Alliance မှ ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ပညာရှင်များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲရလဒ်အဖြစ် ဥပဒေအသစ်ရေးဆွဲရန် အချက်အလက်များ စုစည်းခြင်းကို ဥပဒေပညာရှင်များအကူအညီဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကူအညီ (FCTC) 2030 Project ၏အထောက်အပံ့ဖြင့် ဥပဒေပညာရှင်များကို ငှားရမ်းပြီး ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလကုန်တွင် မူကြမ်းရေးဆွဲရန် လျာထားပြီးဖြစ်ကြောင်းနှင့် ဥပဒေအသစ်တွင် E-Cigarettes အပါအဝင် ဆေးလိပ်နှင့် ဆေးရွက်ကြီး ဆက်စပ်ပစ္စည်းများထည့်သွင်း၍ ဥပဒေ ရေးဆွဲသွားမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်များစွာ ဖြစ်ပေါ်စေသည့်အပြင် ကျန်းမာရေးကို ဆိုးဝါးစွာ ထိခိုက်စေသည့်အတွက် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ရေး လုပ်ငန်းကို အားဖြည့်ဆောင်ရွက်နေရသော အချိန်ဖြစ်သည့်အတွက် လူကို အန္တရာယ်ဖြစ်စေသည့် E-Cigarettes နှင့် ဆက်စပ်ပစ္စည်းများကို ပြည်သူလူထုအတွင်းရောက်ရှိရန် တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း ခွင့်မပြုသင့်ပါကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်လည်း ဥပဒေပြဋ္ဌာန်းခြင်း၊ လိုအပ်သည့် အမိန့် ကြော်ငြာစာထုတ်ပြန်ခြင်း၊ ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီး ဌာနအဖွဲ့အစည်းများနှင့် ပူပေါင်း၍ အလျင်အမြန် ဆောင်ရွက်သွားနိုင်ရန်အတွက် အစီအစဉ်များ ချမှတ်ထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ၏ မေးခွန်းအား ပြန်လည်ဖြေကြား သွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တွင် ကျေးရွာစုစုပေါင်း (၂၉၄)ရွာ၊ အိမ်ခြေ စုစုပေါင်း (၄၈၆၉၃)အိမ်၊ လူဦးရေ စုစုပေါင်း(၂၅၀၈၃၂)ဦး ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်ရန် အတွက် တိုက်နယ်ကျန်းမာရေးဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၇)ခု၊ ကျေးလက်ကျန်းမာရေး ဌာန(ခွဲ)(၄၀)ဌာန၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန (၁)ဌာနဖွင့်လှစ်၍ ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများဖြစ်သော ကျန်းမာရေးမှူးတစ်ဦး၊ လက်ထောက်ကျန်းမာရေးမှူး(၇)ဦး၊ မြို့နယ်သူနာပြု အဆင့်(၁)(၁)ဦး၊ ကျန်းမာရေးကြီးကြပ်(၁) (၃)ဦး၊ အမျိုးသမီးကျန်းမာရေး ဆရာမ(၅)ဦး၊ သားဖွား ဆရာမ(၄၇)ဦး၊ ကျန်းမာရေးကြီးကြပ်(၂) (၄၂)ဦးတို့မှ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိ ပါတယ်။

ကျောက်တော်မြို့နယ်၊ လင်ကွီကျေးရွာသည် (ဝဲကြီးဒေါင့်)ကျေးလက်ကျန်းမာရေးဌာန၊ တောင်မူဇီ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အောက်တွင်ရှိသော ကျေးရွာတစ်ရွာဖြစ်ပြီး ၎င်း ကျေးလက် ကျန်းမာရေးဌာနခွဲနှင့် (၃)မိုင်၊ စပါးဆိပ်ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် (၂)ဖာလုံခန့်သာကွာဝေးပြီး ရေလမ်းဖြင့် ချောင်းကူးသွားလာနိုင်ကြောင်း တွေ့ရှိရပါတယ်။ လင်ကွီကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာန(ခွဲ) တိုးချဲ့ဖွင့်လှစ်ပါက အိမ်ခြေ (၁၄၁)အိမ်၊ လူဦးရေ(၇၂၅)ဦးသာ ကျန်းမာရေး

စောင့်ရှောက်မှု လွှမ်းခြုံပေးမည်ဖြစ်ပြီး လက်ရှိ တောင်မူဇီကျေးလက်ကျန်းမာရေးဌာနခွဲတွင် သားဖွားဆရာမ(၁)ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) (၁)ဦးခန့်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီ ဆောင်ရွက်လျက်ရှိပါတယ်။

လင်ကွီကျေးရွာတွင် ကျန်းမာရေးဌာနခွဲဖွင့်လှစ်ရန် လိုအပ်မှုမရှိသေးပါကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တင်ပြထားသည့်အပြင် အခြေခံမူအချက်များနှင့်လည်း ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ကျောက်တော်မြို့နယ်၊ လင်ကွီကျေးရွာတွင် လူဦးရေလွှမ်းခြုံမှု နည်းပါးခြင်း၊ တောင်မူဇီကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံနိုင်ခြင်း အခြေခံမူများနှင့် ကိုက်ညီမှုမရှိသေးခြင်းတို့ကြောင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနခွဲဖွင့်လှစ်ပေးရန် လတ်တလော မလိုအပ်သေးပါကြောင်း တင်ပြထားခြင်းတို့ကြောင့် ကျေးရွာကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါ။

ကျောက်တော်မြို့နယ် မတင်မှိုင်းချောင်းကျေးရွာသည် ပီထုကျေးလက်ကျန်းမာရေးဌာန၊ နာဂရာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အောက်တွင်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ပီထုကျန်းမာရေးဌာနနှင့် (၅)မိုင်၊ နာဂရာကျေးလက်ကျန်းမာရေးဌာနခွဲနှင့် (၄)မိုင်ကွာဝေးပြီး ခြေလျင်၊ တောလမ်း၊ တောင်လမ်းနှင့် ရေလမ်းခရီးကိုသာ အသုံးပြုသွားလာရခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မတင်မှိုင်းချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်မည်ဆိုပါက ကျေးရွာ(၇)ရွာ၊ အိမ်ခြေ(၃၀၀)၊ လူဦးရေ (၁၅၆၄)ဦးကို လွှမ်းခြုံပေးနိုင်မည်ဖြစ်ပါတယ်။ လုံလောက်သော မြေနေရာကို လျာထားပြီးဖြစ်ပါသဖြင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တိုးချဲ့ဖွင့်လှစ်သင့်ကြောင်း ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တင်ပြထားပါတယ်။ မတင်မှိုင်းချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ၂၀-၄-၂၀၂၀ ရက်စွဲပါ စာအမှတ် ၄၆၅/၄/၁၀-၃(လူမှု)/အဖရ(ရခိုင်)ဖြင့် မြေပြင်တွင်အမှန်တကယ် လိုအပ်မှုရှိကြောင်း မြေစာရင်းပုံစံ (၁၀၅)(၁၀၆) လျှောက်ထားဆဲဖြစ်ကြောင်း အကြောင်းပြန်ကြားလာပါသဖြင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိရန် မြေစာရင်းပုံစံရရှိပါက စီမံကိန်းနှင့် ဖွံ့ဖြိုးပုံစိစစ်ရေးအဖွဲ့သို့တင်ပြ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၂၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁:၂၁ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁:၅၇ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၅၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၅၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့ လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၅၈။**

**ဦးသိန်းလွင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနှင့် ဥပဒေကြမ်း ကော်မတီရဲ့ တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်

ပြင်ဆင်သည့် နည်းဥပဒေများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ–၁)၁/၂၀၂၀ – ၁၁၅

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၉ ရက်

၁။ ပြည်သူ့လွှတ်တော်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများကို ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းနည်းဥပဒေများနှင့် စပ်လျဉ်း၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း၊ ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း၊ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင်တို့က ၂၃–၃–၂၀၂၀ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြု ဆွေးနွေးခဲ့သည့် တပ်မတော်သားကိုယ်စားလှယ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၉–၅–၂၀၂၀ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ပါသည်။

### လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတည်ပြုချက်အတိုင်း ထားရှိသင့်ကြောင်းနှင့် တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်များအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### ကော်မတီ၏သဘောထားမှတ်ချက်

၃။ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်နန်းနီနီအေးနှင့် ဗိုလ်မှူးချုပ်တင့်လွင် တို့က တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုသင့်ကြောင်းတင်ပြခဲ့ပြီး ကျန်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်အားလုံးက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ကြောင်း သဘောထားရရှိခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများအပေါ် အကြံပြုဆွေးနွေးခဲ့သည့် တပ်မတော်သားကိုယ်စားလှယ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် တပ်မတော်သားကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်များအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူ ဆောင်ရွက်ပေးနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြည်ဆင်သည့် နည်းဥပဒေများအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၂:၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော နည်းဥပဒေ၊ နည်းဥပဒေခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၂။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ ၁၀ အပေါ်မှာ အကြံပြုဆွေးနွေးထားတဲ့ ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်းနှင့် ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး တို့၏ အကြံပြုချက်များကို လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်းနှင့် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး တို့ရှိတဲ့အတွက် ၂၀၁၅ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူ ဆောင်ရွက်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်းနှင့် ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး တို့၏ တင်ပြချက်အတိုင်းအတည်ပြုမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြပေးဖို့ ဖြစ်ပါတယ်။

ထောက်ခံမဲ (၁၂၂)မဲ၊ ကန့်ကွက်မဲ (၇၅)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ်(၂)အပေါ် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်းနှင့် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး တို့ရဲ့ တင်ပြချက်များအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီ ရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်းနှင့် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး တို့ ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူ ဆောင်ရွက်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်း ကော်မတီရဲ့တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်းနှင့် ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး တို့၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြပေးဖို့ ဖြစ်ပါတယ်။

ထောက်ခံမဲ (၁၂၃)မဲ၊ ကန့်ကွက်မဲ (၇၂ )မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေခွဲငယ်(၆)အပေါ် တင်ပြထားတဲ့ ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့ရဲ့ တင်ပြချက်များကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီး ဒေါ်သဇင်လှိုင် တို့ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူ ဆောင်ရွက်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်း ကော်မတီရဲ့တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲ များလျှင် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့၏ ပြင်ဆင်ချက်အတိုင်း အတည် ပြုမှာဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များက မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

ထောက်ခံမဲ (၁၂၇ )မဲ၊ ကန့်ကွက်မဲ (၇၀)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ်(၄)ရဲ့အပေါ်မှာ ဗိုလ်မှူးကြီး သန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့ရဲ့ တင်ပြချက်များကိုလည်း လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊

နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်း ကော်မတီရဲ့တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

ထောက်ခံမဲ (၁၂၆)မဲ၊ ကန့်ကွက်မဲ (၇၀)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး နည်းဥပဒေ ၆၀၊ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ်(၁)အပေါ်မှာ ပြင်ဆင်ချက်တင်သွင်းထားတဲ့ ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့ရဲ့ ပြင်ဆင်ချက်များအပေါ် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်း ကော်မတီရဲ့တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

ထောက်ခံမဲ (၁၂၆)မဲ၊ ကန့်ကွက်မဲ (၆၉)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူအတည်ပြုခဲ့တဲ့ နည်းဥပဒေ၊ နည်းဥပဒေခွဲများမှအပဖြစ်တဲ့ ကျန်ရှိသော နည်းဥပဒေ၊ နည်းဥပဒေခွဲများကိုတော့ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်မှ ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကိုဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၂:၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၃၃။**

**ဒေါက်တာမျိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ်

မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာကို လေးစားစွာ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၂၀ - ၁၁၆

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၉ ရက်

၁။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများကို ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းနည်းဥပဒေများနှင့် စပ်လျဉ်း၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း၊ ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း၊ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦးနှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင်တို့က ၂၃-၃-၂၀၂၀ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် တပ်မတော်သားကိုယ်စားလှယ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၉-၅-၂၀၂၀ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

### လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတည်ပြုချက်အတိုင်း ထားရှိသင့်ကြောင်းနှင့် တပ်မတော်သားကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်များအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### ကော်မတီ၏သဘောထားမှတ်ချက်

၃။ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်နန်းနီနီအေး နှင့် ဗိုလ်မှူးချုပ်တင့်လွင် တို့က တပ်မတော်သားကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုသင့်ကြောင်း တင်ပြ

ခဲ့ပြီး ကျန်ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင်အားလုံးက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ကြောင်း သဘောထားရရှိခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဋ္ဌမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများအပေါ် အကြံပြု ဆွေးနွေးခဲ့သည့် တပ်မတော်သားကိုယ်စားလှယ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် တပ်မတော်သားကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်များအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဋ္ဌမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေ များအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၂:၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဋ္ဌမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများအား လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူ၍ အတည်ပြုဆောင်ရွက်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော နည်းဥပဒေ၊ နည်းဥပဒေခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၃၇။**

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နည်းဥပဒေ ၁၀ အပေါ်မှာ ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်းနဲ့ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး တို့ရဲ့ ပြင်ဆင်ချက်များအပေါ် လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း နှင့် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး တို့ ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်းနှင့် ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး တို့၏ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

ထောက်ခံမဲ (၁၂၅) မဲ၊ ကန့်ကွက်မဲ (၇၀) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ်(၂) ဖြစ်ပါတယ်။ ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း နှင့် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦးတို့ရဲ့ ပြင်ဆင်ချက်များအပေါ် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း နှင့် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦး တို့ ရှိတဲ့အတွက် ၂၀၁၅ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူ ဆောင်ရွက်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်း ကော်မတီရဲ့တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်းနှင့် ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး တို့၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

ထောက်ခံမဲ (၁၂၃)မဲ၊ ကန့်ကွက်မဲ (၇၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေခွဲငယ်(၆) ဖြစ်ပါတယ်။ ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နဲ့ ဗိုလ်ကြီးဒေါ်သဇင်လှိုင်တို့ရဲ့ ပြင်ဆင်ချက်များအပေါ် လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲ များလျှင် ဗိုလ်မှူးကြီးသန်းနိုင်ဝင်းနှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင်တို့၏ ပြင်ဆင်ချက်အတိုင်း အတည် ပြုမှာဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များက မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

ထောက်ခံမဲ (၁၂၆) မဲ၊ ကန့်ကွက်မဲ (၇၀) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ်(၄) ဖြစ်ပါတယ်။ ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နဲ့ ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့ရဲ့ ပြင်ဆင်ချက်များအပေါ် လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူဆောင်ရွက် ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒ ရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးကြီး သန်းနိုင်ဝင်းနှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

ထောက်ခံမဲ (၁၂၃) မဲ၊ ကန့်ကွက်မဲ (၇၂) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ ၆၀၊ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ်(၁) ဖြစ်ပါတယ်။ ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နဲ့ ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့ရဲ့ ပြင်ဆင်ချက်များအပေါ် လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူ ဆောင်ရွက်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

ထောက်ခံမဲ (၁၂၄) မဲ၊ ကန့်ကွက်မဲ (၇၂) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်မှာ ဒီနေ့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပြီး အတည်ပြုလိုက်တဲ့ နည်းဥပဒေ၊ နည်းဥပဒေခွဲများမှအပဖြစ်တဲ့ ကျန်ရှိတဲ့ နည်းဥပဒေ၊ နည်းဥပဒေခွဲများကိုတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဆက်လက် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၂:၅၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၅၉။**

**ဒေါ်လှငွေး(ခ)ဒေါ်အုန်းကြည်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး

မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၂၀ -၁၁၇

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ၊ မေလ ၁၉ ရက်

၁။ ပြည်သူ့လွှတ်တော်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများကို ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းနည်းဥပဒေများနှင့် စပ်လျဉ်း၍ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း၊ ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း၊ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦးနှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင်တို့က ၂၃-၃-၂၀၂၀ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၉-၅-၂၀၂၀ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

### လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိသင့်ကြောင်းနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်များအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်နန်းနီနီအေး နှင့် ဗိုလ်မှူးချုပ်တင့်လွင်တို့က တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုသင့်ကြောင်း တင်ပြခဲ့ပြီး ကျန်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်အားလုံးက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက် အတည်ပြုသင့်ကြောင်း သဘောထားရရှိခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများအပေါ် အကြံပြုဆွေးနွေးခဲ့သည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်များအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃:၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများအား လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူ၍ အတည်ပြု ဆောင်ရွက်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော နည်းဥပဒေ၊ နည်းဥပဒေခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၃:၀၄။**

**ဒေါက်တာမြတ်ညဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ ၁၀ ဖြစ်ပါတယ်။ ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း နှင့် ဒုတိယဗိုလ်မှူးကြီး

ကျော်ကျော်ဦး တို့ရဲ့ ပြင်ဆင်ချက်များအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း နှင့် ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး တို့ရှိတဲ့အတွက် ၂၀၁၅ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူ ဆောင်ရွက်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကိုမူတည်ပြီး မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း နှင့် ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး တို့၏ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များက မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

ထောက်ခံမဲ ( ၁၂၃ )မဲ၊ ကန့်ကွက်မဲ ( ၇၁ )မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ ၃၉၊ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ်(၂) ဖြစ်ပါတယ်။ ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း နှင့် ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး တို့၏ ပြင်ဆင်ချက်များအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ထွန်းလင်း နှင့် ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး တို့ရှိတဲ့အတွက် ၂၀၁၅ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူ ဆောင်ရွက်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲ

များလျှင် ဒုတိယဗိုလ်မှူးကြီးအောင်ထွန်းလင်း နှင့် ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး တို့၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များက မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

ထောက်ခံမဲ ( ၁၂၂ )မဲ၊ ကန့်ကွက်မဲ ( ၇၃ )မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ခ)၊ နည်းဥပဒေခွဲငယ်(၆) ဖြစ်ပါတယ်။ ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့ရဲ့ ပြင်ဆင်ချက်များကို လွှတ်တော်၏ အဆုံးအဖြတ် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ် (၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်း ဖြင့် လွှတ်တော်ရဲ့ဆန္ဒရယူ ဆောင်ရွက်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲ များလျှင် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့၏ ပြင်ဆင်ချက်အတိုင်း အတည် ပြုမှာဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များက မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

ထောက်ခံမဲ ( ၁၂၃ )မဲ၊ ကန့်ကွက်မဲ ( ၇၃ )မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ်(၄) ဖြစ်ပါတယ်။ ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့်

ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့ရဲ့ ပြင်ဆင်ချက်များအပေါ် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူ ဆောင်ရွက်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ နေရာများတွင် မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

ထောက်ခံမဲ ( ၁၂၅ )မဲ၊ ကန့်ကွက်မဲ ( ၇၁ )မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　　။ ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ ၆၀၊ နည်းဥပဒေခွဲ(က)၊ နည်းဥပဒေခွဲငယ်(၁) ဖြစ်ပါတယ်။ ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့ရဲ့ ပြင်ဆင်ချက်များအပေါ် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့ရှိတဲ့အတွက် ၂၀၁၅ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲ

များလျှင် ဗိုလ်မှူးကြီးသန်းနိုင်ဝင်း နှင့် ဗိုလ်ကြီးဒေါ်သဇင်လှိုင် တို့၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုမှာဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့နေရာများတွင် မတ်တတ်ရပ်ပြဖို့ ဖြစ်ပါတယ်။

ထောက်ခံမဲ (၁၂၃)မဲ၊ ကန့်ကွက်မဲ (၇၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ အမျိုးသားလွှတ်တော်မှာ အမျိုးသားလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်နှင့်အတူ အတည်ပြုလိုက်တဲ့ အချက်များကနေ လွဲလို့ ကျန်ရှိတဲ့ နည်းဥပဒေ၊ နည်းဥပဒေခွဲများကိုတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက် အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာဌေးကြွယ် နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် တို့နှစ်ဦး ကွယ်လွန်သွားခြင်းအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာနေ့တွက်စရိတ် တစ်ရက်စာစီကို ကူညီထောက်ပံ့ရန် လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၃:၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာဌေးကြွယ် နှင့် ရခိုင်ပြည်နယ်

မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် တို့နှစ်ဦး ကွယ်လွန်သွားသည့်အတွက် ယခင် ကွယ်လွန်သွားခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များနည်းတူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ တစ်နေ့တာ နေ့တွက်စရိတ် တစ်ရက်စာစီကို ကောက်ခံပြီး ကူညီထောက်ပံ့ငွေများကို ကိုယ်စားလှယ် (၂)ဦးရဲ့ မိသားစုများထံ ပေးပို့သွားမှာဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးပါတယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ တစ်နေ့တာနေ့တွက်စရိတ် တစ်ရက်စာစီကို ကောက်ခံပြီး ကူညီထောက်ပံ့ငွေများကို ကွယ်လွန်သွားသူ ကိုယ်စားလှယ်(၂)ဦးရဲ့ မိသားစုများထံ ပေးပို့သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန် အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၃:၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၃:၂၆ နာရီအချိန်တွင် ရပ်နားပါသည်။]